# မြတ်ဘုရားရှင် နှစ်ကျိပ်ရှစ်ဆူဝင်




## အရှင်ကောဝိဒဓဇ

ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ သာ-သီ-ဓ၊ ဂဏဝါစက
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ


ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက် ရန်ကင်းမြို့ ရန်ကုန်မြို့၊



သာသနာ - ၂၅၅၆ ကောဇာ - ၁၃၇၄ ခရစ် - ၂၀၁၂

# နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ


**အရှင်ကောဝိဒမေဓ**

သာ,သိ,ဓ ၊ ပါဠိပါရဂူ ၊ ဝိနယပါရဂူ၊

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက်

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂



**(က) မဟာဗောဓိစေတီ + မဟာဗောဓိပင် (အိန္ဒိယနိုင်ငံ)၊**
စေတီဗောဓိ၊ ဦးညွတ်မိ၊ ထူးဘိဂုဏ်အင် - ကြွဲအောင်မြင်၊

# အကြောင်းပြန်ိဒါန်း

ဤနှစ်ကျိပ်ရှစ်ဆူမြတ်ဘုရားများဗုဒ္ဓဝင်အကျဉ်းကို မှတ်သားသိရှိကြည်ညိုနိုင်ကြစေရန် ပါဠိတော်အဋ္ဌကထာ ကျမ်းစားများမှ လာရှိသည်တို့ကို လိုရင်းအကျဉ်းချုပ် ရွေးထုတ်စီစဉ်ထားခြင်းဖြစ်သည်။ စာရှုသူများ ခေတ္တခဏ ကြည့်ရှုယုံမျှဖြင့် ပြည့်စုံစွာသိရှိမှတ်သားနိုင်အောင် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အကျဉ်းကို စီစဉ်ပေးပါရန် ရွှေတိဂုံဘုရားဈေး စိန်ပန်းပြာ စာပေမှ မောင်စိုးသူရက အထူးလျှောက်ထားသဖြင့် ဤအရှင် စီရင်ရေးသားခဲ့သော မြတ်ဘုရားရှင် နှစ်ကျိပ်ကိုးဆူဝင်ကျမ်းမှ နှစ်ကျိပ်ရှစ်ဆူ မြတ်ဘုရားများ အကျဉ်းကို ထုတ်နှုတ်စီရင်ထားခြင်း ဖြစ်သည်။ ဗုဒ္ဓဝင်အကျယ်ကို ကြည့်ရှုကြည်ညိုလိုသော ပုဂ္ဂိုလ်တို့သည် မြတ်ဘုရားရှင် နှစ်ကျိပ်ကိုးဆူဝင်ကျမ်းကို ကြည့်ရှုမှတ်သားကြည်ညိုနိုင်ကြလေသည်။

*မြတ်ဘုရားဂုဏ် ၊ ပွားများထုံ*
*အလုံးစုံကိစ္စ ပြီးနိုင်သည်။*
*ဂုဏ်တော်ပွားက ၊ စိတ်ချမ်းမြ*
*ထူးလှကျိုးပါ သိသာမည်။*

**အရှင်မကာဝိဒဓဇ**
သာ,သိ,ဓ ၊ ပါဠိပါရဂူ ၊ ဝိနယပါရဂူ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက်
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
၁၃၇၄ခု၊ ပထမဝါဆိုလပြည့်နေ့၊ (၃-၇-၂၀၁၂) ဗုဒ္ဓဟူးနေ့

# နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားသမိုင်း

## နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများအား သရုပ်အားဖြင့် အကျဉ်းမှတ်သားဆောင်ထားရန်

### ဂါထာ

တ,မေ,သ,ဒီ,၊ ကော,မံ,သု,ရေ၊

သော,အ,ပ,နာ,၊ ပ,သု,သု,ပိ။

အ,ဓံ,သိ,တိ,၊ ဖု,ဝိ,သိ,ဝေ,၊

က,ကော,က,ဂေါ,၊ ဋ္ဌဝိသ,တိ။

တေသံ နမတ္ထု ဗုဒ္ဓါနံ၊ ဝိဇယံ ဒေန္တု မေ သဒါ။

၁။ တ-တဏှင်္ကရာဘုရား

၂။ မေ-မေဓင်္ကရာဘုရား

၃။ သ-သရဏင်္ကရာဘုရား

၄။ ဒီ-ဒီပင်္ကရာဘုရား

၅။ ကော-ကောဏ္ဍညဘုရား

၆။ မံ-မင်္ဂလဘုရား

၇။ သု-သုမနဘုရား

၈။ ရေ-ရေဝတဘုရား

၉။ သော-သောဘိတဘုရား

၁၀။ အ-အနောမဒဿီဘုရား

၁၁။ ပ-ပဒုမုတ္တရဘုရား

၁၂။ နာ-နာရဒဘုရား

၁၃။ ပဒုမဘုရား

၁၄။ သု-သုမေဓာဘုရား

၁၅။ သု-သုဇာတဘုရား

၁၆။ ပိ-ပိယဒဿီဘုရား

၁၇။ အ-အတ္ထဒဿီဘုရား

၁၈။ ဓံ-ဓမ္မဒဿီဘုရား

၁၉။ သိ-သိဒ္ဓတ္ထဘုရား
၂၀။ တိ-တိဿဘုရား
၂၁။ ဖု-ဖုဿဘုရား
၂၂။ ဝိ-ဝိပဿီဘုရား
၂၃။ သိ-သိခီဘုရား
၂၄။ ဝေ-ဝေဿဘူဘုရား
၂၅။ က-ကကုသန်ဘုရား
၂၆။ ကော-ကောဏာဂုန်ဘုရား
၂၇။ က-ကဿပဘုရား
၂၈။ ဂေါ-ဂေါတမဘုရား
အဋ္ဌဝီသတိ-ဘုရားနှစ်ကျိပ်ရှစ်ပါးတည်း။

## မြင့်မြတ်သူတို့၏ အကျင့် ပါရမီ(၁၀)ပါး

၁။ ဒါနပါရမီ- ဝတ္ထုပစ္စည်းကိုပေးကမ်းလှူဒါန်းခြင်း အကျင့်မြတ်။

၂။ သီလပါရမီ-ကိုယ်နှုတ်ကိုစောင့်ထိန်းခြင်း အကျင့်မြတ်။

၃။ နေက္ခမ္မပါရမီ-နှောင်အဖွဲ့ပယ်လျက် တောထွက်ခြင်းအကျင့်မြတ်။

၄။ ပညာပါရမီ-အသိဉာဏ်ပညာဖြည့်ပွားခြင်း အကျင့်မြတ်။

၅။ ဝီရိယပါရမီ-လုံ့လဇွဲသန်စွာအားထုတ်ခြင်း အကျင့်မြတ်။

၆။ ခန္တီပါရမီ-သည်းခံခြင်းအကျင့်မြတ်။

၇။ သစ္စာပါရမီ-ဖြောင့်မှန်ခြင်းအကျင့်မြတ်။

၈။ အဓိဋ္ဌာနပါရမီ- စွဲမြဲခြင်းအဓိဋ္ဌာန် အကျင့်မြတ်။
၉။ မေတ္တာပါရမီ-ချစ်ခင်ခြင်း အကျင့်မြတ် ။
၁၀။ ဥပေက္ခာပါရမီ- ဥပေက္ခာပြု လျစ်လျူ (လစ်လူ) ရှုခြင်းအကျင့်မြတ်။

ဆောင်ပုဒ် ။ ။ ဒါန,သီလာ၊ နေက္ခမာ၊ ပညာ,ဝီရိယ၊ ခန္တီ,သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ,ဥပေက္ခာ၊ မြင့်မြတ်သူများ၊ ကျင့်ကြံပွား၊ တရားဉာဏ်ဆယ်ဝ။

မှတ်ချက် ။ ။ ပါရမီ(၁၀)ပါးအပြား(၃၀)ဟု ဆိုရာတွင် ဒါနပါရမီ၌ ကိုယ်အင်္ဂါပြင်ပဖြစ်သော ပစ္စည်းဝတ္ထုလှူခြင်း

ဒါနပါရမီ။(ဝါ)ဒါနမူလပါရမီ၊ မျက်စိစသောကိုယ်အင်္ဂါကိုလှူခြင်း ဒါန။ ဥပပါရမီ၊ အသက်ကိုစွန့်လှူခြင်း ဒါနပရမတ္ထပါရမီဟူ၍

ဒါနပါရမီ၌(၃)မျိုးပြားသည်။သီလပါရမီ ၌လည်း သီလမူလပါရမီ သီလဥပပါရမီ သီလပရမတ္ထပါရမီ ဟု(၃)မျိုးပြားခြင်းစသည်နောက်နောက်ကျန်ရှိ ပါရမီမှာလည်း မူလ,ဥပ,ပရမတ္ထ,(၃)မျိုးပြားသည် သို့ဖြစ်၍ပါရမီ(၁၀)ပါးအပြား(၃၀)ဟုဆိုခြင်းဖြစ်သည် ဤပါရမီအကျင့်မြတ်တို့ကို ကျင့်ပွားပြီးမြောက်လျှင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ မြတ်ဘုရားစင်စစ် ဖြစ်တော်မူသည်။

**ဆောင်ပုဒ်** ။ ။ ၁/ပါရမီဆယ်ခု၊ မူလ,ဥပ၊ပရမတ္ထ၊သုံးပါး၊ မြောက်ယူပွား၊ အပြားသုံးဆယ်ရ။

၂/ပါရမီတရား၊ကျင့်ပွားဖြည့်လျှင်၊မြတ်ဘုန်းရှင်၊ သဗ္ဗဉ်ဉာဏ်ရ၊မြတ်ဗုဒ္ဓ။

## မဟာကပ်-ဟုခေါ်သော ကမ္ဘာသည်

၁/သုညတကမ္ဘာ-မြတ်စွာဘုရားများပွင့်ထွန်းခြင်း မရှိသောကြောင့် မြတ်စွာဘုရားမှ ကင်းစိတ်သော သုညကပ် သုညကမ္ဘာ။

၂/အသုည-မြတ်စွာဘုရားပွင့်ထွန်းခြင်းရှိသောကြောင့် မြတ်စွာဘုရားမှ ကင်းဆိတ်ခြင်းမရှိသော အသုညကပ် အသုညကမ္ဘာ ဟူ၍ကပ်,ကမ္ဘာ(၂)မျိုး ပြားသည်။

ထိုဘုရားများပွင့်ဖြစ်ပေါ်လာခြင်းကြောင့် ဘုရားများဆိတ်သုဉ်းကင်းခြင်းမရှိသော အသုညကပ် အသုညကပ်ကမ္ဘာသည်လည်း-

၁/ ဘုရားတစ်ဆူသာပွင့်တော်မူသော-သာရကမ္ဘာ၊
၂/ ဘုရားနှစ်ဆူ ပွင့်တော်မူကြသော-မဏ္ဍကမ္ဘာ၊
၃/ ဘုရားသုံးဆူ ပွင့်တော်မူကြသော-ဝရကမ္ဘာ၊
၄/ ဘုရားလေးဆူ ပွင့်တော်မူကြသော-သာရမဏ္ဍကမ္ဘာ၊

၅/ ဘုရားငါးဆူ ပွင့်တော်မူကြသော-ဘဒ္ဒကမ္ဘာ၊
ဟူ၍ငါးမျိုးပြားသည်။

ဆောင်ပုဒ် . . . ၁။ ဘုရားတစ်ဆူ၊
ပွင့်တော်မူ၊ မှတ်ယူ သာရကမ္ဘာ၊
၂။ နှစ်ဆူပွင့်မူ၊ မဏ္ဍယူ၊ သုံးဆူ-ဝရသာ၊
၃။ လေးဆူ ဗုဒ္ဓ၊ ပွင့်မူက၊ သာရ မဏ္ဍပါ၊
၄။ ငါးဆူ ပွင့်သော်၊ ဘဒ္ဒခေါ်၊ မှတ်နော်
ယှဉ်ခါ. ဤကမ္ဘာ။
၅။ တစ်ဆူမျှပင်၊ မပွင့်လျှင်၊ ခေါ်တွင်
သုညကမ္ဘာ။



## ၁။ တဏှင်္ကရာ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

တ { ဏှင်္ကရော မဟာတေဇော၊ သတ္တာနံ ဟိတကမာဝဟော။
မဟံ သိရသာ ဝန္ဒေ၊ သော မေ ဒေတု ဇယံ ဇိနော ။

တဏှင်္ကရာမြတ်စွာဘုရားသည်-နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့တွင် ပထမဦးဆုံးဘုရားဖြစ်တော်မူ၏။

တ,မေ,သ,ဒိ-ဟူသောဘုရားလေးဆူပွင့်ရာ သာရမဏ္ဍ ကမ္ဘာတွင်လည်းပထမဦးဆုံး သစ္စာလေးပါး တရားသိမြင် ဘုရားရှင် ဖြစ်တော်မူ၏။

တဏှင်္ကရာဘုရားလောင်းတော်မြတ်သည်၊ လူတို့သက်တမ်း အသင်္ချေယျတမ်းမှ ဆုတ်ယုတ်လာသောအနှစ် (၉၀,၀၀၀) တမ်းတွင်ပုပ္ဖဝတီပြည်- ပုပ္ဖဝတီမြို့တော်၌ ဘုရင်သုနန္ဒမင်းကြီးနှင့်

သုနန္ဒသာမိဖုရားကြီးတို့၏သားတော်ဖြစ်တော်မူ၏။ အချို့ကျမ်းစာမူများ၌-မြို့တော်မှာ မောရဝတီမြို့၊ ခမည်းတော် နရိန္ဒမင်းကြီး၊ မယ်တော် သိရိစန္ဒိ မိဖုရားကြီး ဟုပြဆိုမှုကွဲရှိသည်။

တကျော်ရာဘုရားလောင်းလျှာမင်းသားသည် ဆောင်း နွေ မိုး ဥတုသုံးပါးစံပျော်ရာ နန်းပြာသာဒ် သုံးဆောင်၌ ကြင်ရာတော်မိဖုရားနှင့် မောင်းမမိဿံ အခြွေအရံများဖြင့် စံပျော်နေရာသားတော် တစ်ယောက် ဖွားမြင်ပြီးလျှင် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကိုတွေ့မြင်ရာမှ သံဝေဂဖြစ်ကာ တောထွက်တော်မူခဲ့သည်။

တောထွက်တော်မူလာပြီးနောက် ပင်ပန်းဆင်းရဲစွာကျင့်ရသော လူသာမန်တို့ ကျင့်နိုင်ခဲပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ခုနစ်ရက်တိုင်တိုင် ကျင့်ကြံအားထုတ်

(အခို့ကျမ်းစာ၌ (၁၀)လ ကျင့်ကြံအားထုတ်၍) သဗ္ဗညုတ ဉာဏ်တော်ကိုရကာ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်တော်မူသည်။

တဏှင်္ကရာမြတ်စွာဘုရားပွင့်တော်မူသော ကာလမှာ ဤကမ္ဘာမှပြန်၍ရေတွက်သော် ကပ်ကမ္ဘာအရေအတွက်လေးသချေ်နှင့် ကမ္ဘာ တစ်သိန်းအထက်ကာလ၌ဖြစ်သည်

ထိုအခါကာလက လူတို့သက်တမ်းမှာ အနှစ်တစ်သိန်းဖြစ်သည် သက်တမ်း ရှည်လျားသောကာလတွင် လူတို့သည် ဇာတိဇရာ ဗျာဓိဘေး မရဏဘေးတို့ကိုမြင်နိုင်ခဲသောကြောင့် မြတ်စွာဘုရားသည် တရားတော်ကို များစွာဟော ကြားတော်မမူကြပါ။ တက်ကပ်ကမ္ဘာကာလနှင့် ဆုတ်ကပ်ကမ္ဘာနှစ်သက်တမ်း (၁၀၀,၀၀၀) တစ်သိန်းအထက်တွင် ဘုရားပွင့်ရိုးမရှိပေ။

တကျော်ကံရာမြတ်စွာဘုရား မှီ၍ပွင့်ရာ ဗောဓိပင်ကား သတ္တပဏ္ဏဗောဓိရုက္ခ-စရည်းပင် ဖြစ်သည်။

ကျမ်းစာအချို့မှာ-နာဂရုက္ခ- ကံ့ကော်ပင်ဟု ဆိုသည်။

အဂ္ဂသာဝကထေရ-ထေရီများ ဥပဋ္ဌာက အလုပ်အကြွေးရဟန်းတော်များ၏ဘွဲ့အမည်များကို ဗုဒ္ဓဝင်တို့တွင် ဖော်ပြမထားကြပါ။

မြတ်စွာဘုရား၏ညာဏ်တော်မှာ အတောင်(၈၀) အရပ်ဖြစ်တော်မူသည်၊ ရောင်ခြည်တော်ကား သုံးယူဇနာအရပ်တိုင်အောင် ပျံ့နှံ့သည်။

ဘုရားရှင်သည် အနှစ်ရှစ်သောင်း (၈၀,၀၀၀) ကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားရေအေးတိုက်ကြွေးတော်မူပြီးနောက် ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။. . . .

## ၂။ မေဓင်္ကရာ-မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

မေ { ဓင်္ကရော မုနိန္ဒွါယော၊ ဓမ္မရာဇာ ဝိနာယကော။
တ္ထာယ ဖရိတံ့ဝန္ဒေ၊ သော မေဒေတု ဇယံဇိနော။

လွန်လေပြီသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်ကာလ သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ မြတ်စွာဘုရားနောက် ဒုတိယမြောက် ပွင့်တော်မူသော ဘုရားမှာ မေဓင်္ကရာ မြတ်စွာဘုရား ဖြစ်သည်။

မေဓင်္ကရာမြတ်စွာဘုရားနောက်ဆုံးဘဝတွင်-ယယရမြို့တော်၌ သုဒေဝမင်းကြီးနှင့်ယသောဓရာ မိဖုရားကြီးတို့၏ သားတော်ဖြစ်သည်။

ကျမ်းစာအချို့တွင်-မေဓင်္ကရာဘုရားလောင်းတော်

ဖွားရာမြို့မှ-ကာသိဝတီမြို့ဖြစ်၍၊ ခမည်းတော်မှာ-အင်္ဂီသေနမင်းကြီး မယ်တော်မှာ သုမာလာဒေဝီမိဖုရားကြီးဖြစ်သည်ဟု ဖော်ပြပါရှိသည်။

ထိုအခါ လူတို့၏သက်တမ်းမှာ-အနှစ်(၂၀၀၀၀) နှစ်သောင်းတန်းဖြစ်သည် မင်းသားဘဝတွင် ကြင်ရာတော် မောင်းမမိဿံများ နှင့် ရွှေနန်းသုံးဆောင်၍ ဥတုသုံးလီမျှညီစွာစံစားစဉ် သားရတနာဖွားမြင်သောအခါ နိမိတ်ကြီးလေးပါး ရှုမြင်ရ၍ သံဝေဂဖြစ်ကာ တောထွက်တော် မူ၏။

ဒုက္ကရစရိယာအကျင့်မြတ်ကို(၁၅)ရက်ဖြည့်ကျင့်တော်မူ၍ သစ္စာလေးပါးကိုပိုင်းခြားသိမြင်ကာ သဗ္ဗညုတဘုရားစင်စစ်ဖြစ်တော်မူသည်။

အမှီပြုရာဗောဓိပင်မှာ ကံ့သုက ဗောဓိ-ပေါက်ပင်ဖြစ်သည်။ စာမူအချို့၌ ပုဏ္ဍရိကဗောဓိ-သရက်ဖြူပင်ဟုဆိုသည်။

မေဓင်္ကရာမြတ်စွာဘုရား၏ အရပ်တော်ခေါ် ဉာဏ်တော်အမြင့်မှာ-အတောင်(၈၀)ရှိသည်။ ရောင်ခြည်တော်ကား-ယူဇနာနှစ်(၂)ယူဇနာ တိုင်အောင် ပျံ့နှံ့တော်မူသည်

မေဓင်္ကရာမြတ်စွာဘုရားသည် သက်တော် အနှစ်(၉၀,၀၀၀) ကိုးသောင်းတွင် ဘုရားဖြစ်၍ ဝါတော်အနှစ်(၁၀,၀၀၀)တစ်သောင်းကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခြင်း ဗုဒ္ဓကိစ္စများ ပြီးပြည့်စုံအောင်ဆောင်ရွက်တော်မူပြီးနောက် ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။.....

## ၃။ သရဏာကံရာ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သ { ရဏံရော သမ္ဗုဒ္ဓေါ၊ သန္တိကရော ဇုတိန္ဓရော။
နွဒံ အန္ဓဟံ ဝန္ဒေ၊ သော မေ ဒေတု ဇယံ ဇိနော။

သရဏာကံရာ မြတ်စွာဘုရား ပွင့်တော်မူစဉ် အခါ လူတို့၏ သက်တမ်းမှာ အနှစ် (၉၀,၀၀၀) ကိုးသောင်းတမ်းဖြစ်သည်။ အလောင်း တော်သည် မင်းမိဘုရားနှစ်ပါးတို့မှဖွားမြင်သော မင်းသားဖြစ်၍ ရွှေနန်းစည်းစိမ်ကို ကြွင်ယာမိဘုရား မောင်းမမိဿံ အခြံအရံစုံလင်စွာဖြင့် နှစ်ပေါင်း (၇၀,၀၀၀) ခုနှစ်သောင်းတိုင်တိုင် ခံစားတော်မူသည်။ ထိုစဉ် နိမိတ်ကြီးလေးပါးမြင်ကာ သံဝေဂဖြစ်တော်မူ၍ တောထွက်တော်မူပြီး ဒုက္ကရစရိယာအကျင့်ကို


တစ်လတိတိကျင့်၍ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကာ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသည်။ မှီ၍ပွင့်ရာ ဗောဓိပင်ကား- ပါဋလိဗောဓိရုက္ခ- သခွပ်ပင်ဖြစ်သည်။

အချို့ကျမ်းများတွင် ဒုက္ကရစရိယာအကျင့်ကို သုံးလကျင့်တော်မူသည်။ မှီရာဗောဓိပင် မှာ ကုဋ္ဌပဏ္ဏဝဋ္ဋဗောဓိရုက္ခ- ညောင်ကြပ်ပင် ဟုဆိုသည်။ ဖွားရာဇာတိ မြို့ရွာနှင့် မိဖ ကြင်ရာတော် သားတော် အဂ္ဂသာဝက စသည်အမည် များကိုကား အဋ္ဌကထာ၌ အထူးဖော်ပြမထားတော့ပေ။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ဤတဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဟူသော ရှေးဘုရားသုံးဆူ အထံတော်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခွင့် မရသေးပေ။ ဒီပင်္ကရာ မြတ်ဘုရားထံမှသာစ၍ နိယတဗျာဒိတ်ပန်း

ဆင်မြန်းခွင့်ရတော်မူသည်။ သရဏင်္ကရာ မြတ်စွာဘုရား၏ အရပ်တော်ဟူသော ဉာဏ်တော်မှာ အမြင့်အတောင် (၉၀) ကိုးဆယ် ရှိတော်မူသည်။ ရောင်ခြည်တော်ကား (၉) ယူဇနာ အရပ်သို့ တိုင်အောင် ပျံ့နှံ့တော်မူ၏။

ဤသရဏင်္ကရာ မြတ်စွာဘုရားသည်လည်း ဝေနေယျသတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူခြင်းဟူသော ဗုဒ္ဓကိစ္စကို သက်တော် (၈၀,၀၀၀) ရှစ်သောင်းတိုင်တိုင် ဆောင်ရွက်တော်မူပြီးနောက် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။



# ၄။ ဒီပင်္ကရာ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဒီ { ပင်္ကရော ကရော ဒီပံ၊ နရာသဘောတမောပဟံ။
ပံ ဝိရဇံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

ဤကမ္ဘာမှ နောက်ပြန်ရေတွက်သော် လေးအသင်္ခေျနှင့် ကမ္ဘာတသိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် ပွင့်တော်မူကြသော တ.မေ.သ.ဒိ-ဘုရားလေးဆူတို့တွင် နောက်ဆုံးလေးဆူမြောက်မှာ ဒီပင်္ကရာဘုရား ဖြစ်သည်။ သရဏင်္ကရာဘုရား ပွင့်ပြီးနောက် အာယုဟာယန ဆုပ်ကပ်ဖြစ်သော အန္တရကပ်တစ်ခု၌ လူတို့၏ သက်တမ်း အနှစ် (၁၀၀,၀၀၀) တစ်သိန်းတမ်းကာလ၌ တုသိတာနတ်ပြည်မှ လူတို့ပြည် ရမ္မဝတီမြို့၌

သုဒေဝမင်းကြီးနှင့် သုမေဓာမိဘုရားကြီးတို့မှ ဖွားမြင်သော သားရတနာဖြစ်သည်။ အလောင်းတော်မင်းသား အရွယ်ရောက်လျှင် ပဒုမာမင်းသမီးနှင့် ထိမ်းမြား၍ ရွှေနန်းစည်းစိမ်ကို နှစ်ပေါင်း (၁၀,၀၀၀) တစ်သောင်း စိုးစံခံစားတော်မူသည်။ ကြင်ယာတော် ပဒုမာ မင်းသမီးမှ သားတော် ဥသဘက္ခန္ဓကို မွေးဖွားပြီးနောက် ဥယျာဉ်တော်ထွက်တွင် သူအို, သူနာ, သူသေ-ဟူသော နိမိတ်ကြီးသုံးပါးကို တွေ့မြင်ကာ ထိပ်လန့်မှုသံဝေဂရ၍ တောထွက်တော် မူသည်။ ဒုက္ကရစရိယာ အကျင့်ကို (၁၀) ဆယ်လ ကျင့်တော်မူ၍ သဗ္ဗညု ဉာဏ်တော်ကို ရကာ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ် ဖြစ်တော်မူသည်။ သိတင်းသုံးမှီရာ ဗောဓိပင်မှာ ပိပ္ပလိရုက္ခ ညောင်ကျပ်ပင်ဖြစ်သည်။

သတေသနစာကြည့်တိုက်
သာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီး...နှ
ကမ္ဘာအေး...

အဂ္ဂသာဝက တပည့်ကြီးများမှာ- လက်ျာတော်ရံ ရှင်သုမင်္ဂလထေရ်၊ လက်ဝဲတော်ရံ ရှင်တိဿထေရ် နှစ်ပါးဖြစ်ကြသည်။ အနီးကပ် လုပ်ကျွေးသော ရဟန်းကား ရှင်သာဂတထေရ် ဖြစ်သည်။ အဂ္ဂသာဝိကာ အမြတ်ဆုံးတပည့်မကြီးနှစ်ပါးမှာ- လက်ျာတော်ရံ ရှင်မ နန္ဒာထေရီ၊ လက်ဝဲတော်ရံ ရှင်မ သုနန္ဒာထေရီ တို့ဖြစ်ကြသည်။ အရပ်တော်မှာ အတောင် (၈၀) ရှိ၍၊ ရောင်ခြည်တော်ကား (၁၂) ယူဇနာ တိုင်တိုင် ထွန်းလင်း၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မဝတီမြို့တွင်းသို့ ရဟန္တာပေါင်းခြံရံကာ ဆွမ်းခံကြွတော်မူစဉ် ကျွန်ုပ်တို့၏ ဂေါတမမြတ်ဘုရား အလောင်းတော် သုမေဓာရသေ့သည် ရွံ့ညွန်ဗွက်တွင် ဘုရားရှင် ချမ်းသာစွာ ကြွနိုင်စေရန် မိမိခန္ဓာကိုယ်ကို

တံတားခင်းပေးသည်။ ဒီပင်္ကရာ မြတ်စွာ ဘုရားကား ဤရသေ့ သူမွန်သည် ဤသာရမဏ္ဍ ကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာကစ်သိန်းတို့ကို လွန်သော ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိသော သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်စကားကို မိန့်ကြားတော်မူသည်။ ဒီပင်္ကရာ မြတ်စွာဘုရား သည် ဝေနေယျသတ္တဝါ အများတို့အား တရားရေအေးတိုက်ကျွေး ဟောချတ်တော်မူခြင်းဟူသော ဗုဒ္ဓကိစ္စကို ဆောင်ရွက်ခြင်း ကိစ္စပြီးပြည့်စုံသည်။ သက်တော် အနှစ် (၈၀,၀၀၀) ရှစ်သောင်းရှိသော အခါ နန္ဒာရာမ ဉယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။. . .



# ၅။ ကောဏ္ဍည မြတ်စွာဘုရား

## ဘုရားရှိခိုး+ဆုတောင်းဂါထာ

ကောဏ္ဍညော ဇိတာမာရော၊ ပဘောစကော မဟာဇနံ။
ဝိဒတ္တာဝဟံ သတ္တော၊ ဝန္ဒေ သော ဒေတု မေဇယံ။

ဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူပြီးနောက်တွင် ကမ္ဘာပေါင်းမည်၍မည်မျှဟူ၍ ဂဏန်းချကာ မရေတွက်နိုင်သော ကပ်ကမ္ဘာအသင်္ချေကို လွန်မြောက်ပြီးနောက် ဘုရားတစ်ဆူသာပွင့်သော ကမ္ဘာတွင် ကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူသည်။ ရမ္မဝတီ နေပြည်တော် သုနန္ဒမင်းကြီး၏ နန်းတော်တွင် သုဇာတာဒေဝီ မိဘုရားကြီးမှ မွေးဖွားတော်မူသည်။ အမည်နာမပေးရာ မင်္ဂလာအခါ၌ ကောဏ္ဍညဟု အမည်ပေးကြသည်။ ကောဏ္ဍညမင်းသားသည်

အရွယ်ရောက်လျှင် ရှုစိဒေဝီ မင်းသမီးနှင့် ထိမ်းမြားမင်္ဂလာပြုကာ သားတော် ဝိဇိတသေန မင်းသားဖွားမြင်းသည်တိုင်အောင် နှစ်ပေါင်း (၁၀. ၀၀၀) တစ်သောင်းတိုင်တိုင်အောင် ရွှေနန်းတော်စည်းစိမ်ကို ခံစားစံစားတော်မူသည်။ ထိုစဉ်အခါက လူတို့၏ သက်တမ်းမှာ (၁၀၀. ၀၀၀) တစ်သိန်းတမ်းကာလဖြစ်သည်။ အလောင်းတော် မြတ်သည် ရွှေနန်းစည်းစိမ်ကို ခံစားစဉ် ရှုစိဒေဝီ မိဖုရားမှ ဝိဇိတာသေန မင်းသားဖွားမြင်ပြီးသောအခါ ဥယျာဉ်တော်ထွက်ရာမှ နိမိတ်ကြီးလေးပါးကို မြင်တော်မူလျှင် ထိပ်လန့်ခြင်း သံဝေဂဖြစ်ကာ တရားရှာရန်တောထွက်တော်မူခဲ့သည်။

တောထွက်စဉ်အခါ စီးတော်ယာဉ်မှာ အာဇာနည်မြင်းကသောရထားယဉ်ဖြစ်သည်။ ဒုက္ကရစရိယာအကျင့်ကို (ဆယ်လ) ကျင့်၍ ဗောဓိပင်မှာ

သာလကလျာဏီ- ဗောဓိကြောင်လျာပင် (ဝါ) နဿပင် ဖြစ်သည်။ ကောဏ္ဍညဘုရားပွင့်ထွန်းစဉ်အခါ ကျွန်ုပ်တို့၏ ဂေါတမဘုရားအလောင်းတော်မှာ စကြာဝတေးမင်း ဖြစ်၍ စန္ဒဝတီမြို့၌ စိုးစံနေသည်၊ ဘုရားအလှူရှိသော ရဟန္တာများအား မိမိမြို့တော် စန္ဒဝတီမြို့သို့ပင့်၍ အလှူကြီးပေးရာ မြတ်စွာ ဘုရားက "အနာဂတေ ဂေါတမောနာမ ဗုဒ္ဓေါ ဘဝိဿတိ" နောင်အခါ၌ ဂေါတမဘုရား ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။

ဤကောဏ္ဍညဘုရားလက်ထက်၌ ကျွန်ုပ်တို့၏ ဘုရားရှင်သည် ရဟန်းပြုခဲ့သည်။ အဂ္ဂသာဝက ကြီးနှစ်ပါးကား- ရှင်ဘဒ္ဒထေရ် ရှင်သုဘဒ္ဒ ထေရ်တို့တည်း၊ အလုပ်အကျွေး ရဟန်းကား- ရှင်နုရုဒ္ဓါထေရ်တည်း၊ အဂ္ဂသာဝိကာမ နှစ်ပါးကား- ရှင်မတိဿာထေရီ ရှင်ဉပတိဿာထေရီတို့ဖြစ်ကြ၏။

ကောဏ္ဍည ဘုရားအရပ်တော်ကား- အတောင် (၈၀) ရှိသည်။ ကိုယ်တော်ရောင်ခြည်တော်ကား (၁၂) ယူဇနာပျံ့နှံ့သည်၊ ဝေနေယျသတ္တဝါတို့အား တရားအမြိုက်ဆေးတိုက်ကျွေးခြင်း ဗုဒ္ဓကိစ္စ ပြီးဆုံးသောခါ သက်တော်အနှစ် (၈၀. ၀၀၀) ရှစ်သောင်းတွင် စန္ဒာရာမဥယျာဉ်၌ ပရိနိဗ္ဗာန် ကြွသွားတော်မူပါသတည်း။. . .



## ၆။ မင်္ဂလ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

မ { ဂ်လော တမံ ဘိန္ဒန္တော၊ ပဘာယ အတုလော ဝရော။
ဂါဒူရာ ဝဟံ ဝန္ဒေ၊ သော မေ ဒေတု ဇယံ ဇိနော။

ကောဏ္ဍညမြတ်စွာဘုရားပွင့်တော်မူပြီးနောက် နှစ်ကျိပ်ရှစ်ဆူတွင် ခြောက်ဆူမြောက် ပွင့်သော ဘုရားကား မင်္ဂလမြတ်စွာဘုရား ဖြစ်သည်။ မင်္ဂလမြတ်စွာဘုရားသည် (မံ-သု-ရေ- သော)- ဟူသော ဘုရားလေးဆူပွင့်သော သာရမဏ္ဍကမ္ဘာတွင် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ထက်ကာလ၌ ပွင့်တော်မူသည်၊ ထိုအခါ လူတို့၏ သက်တမ်းမှာ အနှစ် (၉၀,၀၀၀၀) ကိုးသောင်း ကာလဖြစ်သည်၊ မင်္ဂလဘုရား ဖွားတော်မူရာ


မြို့သည် ဥတ္တာရမြို့တော် ခမည်းတော်ဥတ္တာရမင်းကြီး မယ်တော်ဥတ္တာရာဒေဝီမိဖုရားကြီးဖြစ်သည်၊ အလောင်းတော် ဘဝ၌ ကြင်ယာတော်မှာ ယသဝတီမိဖုရား၊ သားတော်ကား သီလဝမင်းသားဖြစ်သည်။

မင်္ဂလအလောင်းတော်သည် ယသဝတီမိဖုရားနှင့် ယသဝါ ရုစိမာ သိရိမာ မည်သော ရွှေနန်းသုံးဆောင်၌ အနှစ် (၉၀. ၀၀၀) ကိုးသောင်းတိုင်တိုင် သားတော်သီလဝမင်းသား ဖွားသည်အထိ ထီးနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်၊ တောထွက်တော်မူစဉ် စီးတော်ယဉ်မှာ ပဏ္ဏရမည်သော မြင်းယဉ်ဖြစ်၏။

(၈) ရှစ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကိုကျင့်တော်မူပြီးလျှင် နာဂဗောဓိ ကုံကောဝ်ပင်ကို အမှီပြု၍ကာ သိတင်းသုံး၍

သဗ္ဗညုတဉာဏ်ကိုရတော်မူပြီး ဘုရားစင်စစ် ဖြစ်တော်မူ၏၊ အဂ္ဂသာဝကကြီး နှစ်ပါးတို့ကား အရှင်သုဒေဝထေရ်၊ အရှင်ဓမ္မသေနထေရ်တို့တည်း၊ အနီးကပ်အလုပ်ကျွေးမထေရ်ကား အရှင် ဉပါလိဖြစ်သည်၊ အဂ္ဂသာဝိကာမ ရဟန်းမကြီး နှစ်ပါးကား ရှင်မ သီဝလာထေရီ၊ ရှင်မ အသောကာထေရီတို့တည်း၊ မြတ်သောအလုပ်အကျွေး ဒါယကာမှာ သုနန္ဒသူဌေး၊ ဝိသာခသူဌေး၊ မြတ်သောအလုပ်အကျွေးဒါယိကာမတို့မှာ- အတုလာဒါယိကာမ၊ သုတနာဒါယိကာမတို့ ဖြစ်ကြသည်။ မင်္ဂလာ ဘုရား၏ အရပ်တော် (ဉာဏ်တော်)မှာ (၈၈) ရှစ်ဆယ်ရှစ်တောင် မြင့်၍ ကိုယ်တော်မှ ထွက်သောရောင်ခြည်တော်မှာ စကြာဝဠာ တိုက် (၁၀. ၀၀၀) တစ်သောင်း ပျံ့နှံ့သည်။

ငါတို့၏ ဂေါတမဘုရားလောင်းတော်သည်၊ မင်္ဂလဘုရားလက်ထက်၌ သုရုစိပုဏ္ဏားဖြစ်ခဲ့၍ အလှူကြီးပေးကာ ရဟန်းပြုတော်မူခဲ့သည်။ မင်္ဂလမြတ်စွာဘုရားသည် သက်တော် (၇၂,၀၀၀) ရှိသောအခါ ဗုဒ္ဓကိစ္စအားလုံးပြုဆောင်ပြီး ၍ ဥတ္တရဥယျာဉ်တော်၌ ပရိနိဗ္ဗာန်စံတော်မူသည်၊ ဘုရားပရိနိဗ္ဗာန်စံလျှင်အသမ္ဘိန္နဓာတ်တော်များ ကြွင်းကျန်၍ ဇမ္ဗူဒိတ်လူများစုပေါင်းကာ ယူဇနာ (၃၀) မြင့်သောစေတီတည်၍ ကိုးကွယ်ပူဇော်ကြသည်။



## ၃။ သုမနမြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သု { ပဟာရံ မမ္မဘေရိံ၊ သုဒ္ဓရန္တံ မဟာဇနံ။
မနံ သန္တံဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

မင်္ဂလမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက်၌ လူတို့၏ သက်တမ်းသည် အနှစ် (၉၀. ၀၀၀) ကိုးသောင်းတမ်းမှ တရွေ့ရွေ့ ဆယ်နှစ်တမ်းထိ ဆုတ်ယုတ်ခဲ့ပြီးနောက် သက်တမ်း ဆယ်နှစ်မှ အသင်္ချေယျ သက်တမ်းထိ တိုးတက်ခဲ့သည်၊ နောက်တဖန် အသင်္ချေယျတမ်းမှ ပြန်ဆုတ်လာရာ လူတို့သက်တမ်း (၉၀. ၀၀၀) ကိုးသောင်းသက်တမ်းသို့ ရောက်သောအခါ

သုမနမြတ်စွာဘုရားအလောင်းတော်သည်၊ ပါရမီတော်ပြည့်တော်မူ၍ တုသိတာနတ်ပြည်မှ ဆင်းသက်ခဲ့၍ လူ့ရွာလောက မေခလ နေပြည်တော်၌ သုဒဿမင်းကြီး၏ နန်းတော်ဝယ် သိရိမာဒေဝီမိဖုရားကြီးမှ ဖွားမြင်တော်မူသည်။ ဆွေတော်မျိုးတော်များက သုမနမင်းသားဟု အမည်မှည့်ခေါ်ကြသည်။

သုမနမင်းသားအရွယ်ရောက်လျှင် ဝဋ္ဋံသိကာဒေဝီ မင်းသမီးနှင့်အတူ သိရိဝဍ္ဎန၊ သောမဝဍ္ဎန၊ ဣက္ကဝိဝဍ္ဎန- ဟူသော နန်းမသုံးဆောင်၌ အနူပမအမည်ရှိသော သားတော်ဖွားသည် အထိ ထီးနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်၊ သူအို- သူနာ- သူသေ- ရဟန်း- ဟူသော နိမိတ်ကြီးလေးပါး မြင်သောအခါ တောထွက် တော်မူ၍ ဒုက္ကရစရိယာ အကျင့်မြတ်ကို ဆယ်လကြာကျင့်တော်မူ၍

## နှစ်ကျိုပ်ရှစ်ဆူ မြတ်စွာဘုရား

နာဂဗောဓိကုံကော်ပင်ကို အမှီပြုကာ သဗ္ဗညုတ ဉာဏ်တော်ရပြီး သမ္မာ သမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသည်၊ သုမနဘုရားရှင်အထံ၌- ငါတို့၏ ဂေါတမဘုရားအလောင်းသည်၊ အတုလနဂါးမင်း အဖြစ်ဖြင့် ဘုရားဖြစ်ရန်ဗျာဒိတ်ခံရသည်၊ အဂ္ဂသာဝက လက်ျာ/လက်ဝဲရံ တပည့်ကြီး နှစ်ပါးကား- ရှင်သုရဏထေရ်၊ ဘာဝိတတ္တထေရ်၊ အနီးကပ်လုပ်ကျွေးပြုစုသော မထေရ်ကား- ရှင်ဥဒေနထေရ်ဖြစ်သည်၊ အဂ္ဂသာဝိက တပည့်မကြီး နှစ်ပါးမှာ ရှင်မသောဏာထေရီ ရှင်မ ဥပသောဏာထေရီ အလုပ်အကျွေးဒါယကာ နှစ်ဦးမှာ ဝရုဏာသူဌေး၊ သရဏာသူဌေးတို့တည်း၊ အလုပ်အကျွေး ဒါယိကာမကြီး နှစ်ဦး စာလာဥပါသိကာမ၊ ဥပစာလာသိကာမတို့တည်း၊ သုမနမြတ်စွာဘုရား၏ ဉာဏ်တော်အတောင် (၉၀) ကိုးဆယ်မြင့်၍ ရောင်ခြည်တော်ကား စကြာဝဠာတိုက်

(၁၀၀၀၀) တိုင်ပြန့်နှံ့သည်၊ သုမနမြတ်စွာဘုရားသည် သက်တော် (၇၂၀၀၀) ခုနှစ်သောင်းနှစ်ထောင်တွင် အဂ်မည်သော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်ဝင်စံ တော်မူပါသတည်း။



## ၈။ ရေဝတ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ရေ { ဏာဋ္ဌန္နေ ဝိရောစန္တံ၊ ရေဝတံ့ဆိန္နံ ဝိနာယကံ။
ဝဒံ ဝရဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

သုမနမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင် ပြီးနောက် လူတို့၏ သက်တမ်းသည် (၉၀၀၀၀) ကိုးသောင်းတမ်းမှ ဆယ်တနှစ်တမ်းထိ ဆုတ်ယုတ်ပြီး တဖန်ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းထိ တက်လာ၍ နောက်တဖန် အသင်္ချေယျတမ်းမှ ပြန်ဆုတ်လာရာ အနှစ် (၆၀၀၀၀) တမ်းသို့ရောက်လျှင် ရေဝတဘုရားလောင်းသည်၊ ပါရမီဉာဏ်ရင့်သန်လာပြီးဖြစ်၍ တုသိတာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းခဲ့ပြီးလျှင် သုဓညနေပြည်တော်တွင် ဝိပုလာမင်းကြီး၏ ဝိပုလာဒေဝီ မိဖုရားကြီးမှ ဖွားမြင်တော်မူ၍ ရေဝတမင်းသား ဟု ဆွေတော် မျိုးတော်များက မှည့်ခေါ်ကြသည်။

အလောင်းတော်ရေဝတာမင်းသားသည် အရွယ်ရောက်လာလျှင် သုဒဿနာဒေဝီ မိဖုရားနှင့် သုဒဿန၊ ရတနဂ္ဃိ အာဝေဠ-နန်းတော်သုံးဆောင်၍ သားတော် ဝဂုဏမင်းသားဖွားမြင်သည်အထိ နန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်၊ အလောင်းတော်မင်းသားသည် သူအို-သူနာ-သူသေ-ရဟန်း နိမိတ်ကြီးလေးပါးမြင်တော်မူ၍ အာဇာနည်မြင်းကိုစီးကာ တောထွက်ခဲ့ပြီး ဒုက္ကရစရိယာ အကျင့်ကိုခုနစ်လကျင့်၍ နာဂဗောဓိရုက္ခ ကံ့ကော်ပင်ကြီးမှ၍ သဗ္ဗညုတဉာဏ်တော် ရတော်မူပြီး သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသည်၊ ငါတို့ဂေါတမဘုရားအလောင်းတော်သည်၊ ဤရေဝတဘုရားအထံ၌ အတိဒေဝပုဏ္ဏားပညာရှိအဖြစ်ဖြင့် နိယတဗျာဒိတ်ပန်ဆင်မြန်းခဲ့သည်၊ အဂ္ဂသာဝက တပည့်ကြီးနှစ်ပါး အရှင်ဝရုဏ၊ အရှင်ဗြဟ္မဒေဝထေရ် နှစ် (၂)ပါးတို့တည်း၊ အနီးကပ်လုပ်ကျွေးရဟန်းတော်မှာ- အရှင်သမ္ဘဝ

မထေရ်ရာတည်း။ အဂ္ဂသာဝိကာ တပည့်မကြီးနှစ်ပါး ရှင်မဘဒ္ဒါထေရီ ရှင်မသုဘဒ္ဒါထေရီတို့တည်း။ မြတ်သောအလုပ်အကျွေး ဒါယကာ ပဒုမသူဌေး၊ ကုဥ္စရသူဌေးတို့တည်း။ မြတ်သော အလုပ်အကျွေး ဒါယိကာမ သိရိမာ ဥပါသိကာမ၊ ယသဝတီ ဥပါသိကာမ တို့တည်း။ ရေဝတ မြတ်စွာဘုရား၏ ဉာဏ်တော် အရပ်မှာ အတောင် (၈၀) ရှစ်ဆယ်မြင့်၍ ကိုယ်မှထွက်သော ရောင်ခြည်တော် သည် နေ့ရော ညည့်ပါ တစ်ယူဇနာတိုင်တိုင် ပျံ့နှံ့သည်၊ ရေဝတ မြတ်ဘုရားသည် ဝေနေယျသတ္တဝါများအား တရားရေအေး အမြိုက်ဆေးတိုက်ကျွေးခြင်း ဗုဒ္ဓကိစ္စများပြုပြီးနောက် သက်တော် (၄၈၀၀၀) လေးသောင်းရှစ်ထောင်တွင် ကုံကော်ဥယျာဉ်အတွင်း၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။

## ၄။ သောဘိတ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သောဘိ { ပွိကာနံ ပဘောမေဌွ၊ သောဋ္ဌာရဉာဏဒါယကံ။
ဘိတံ သန္တိဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနေဒဇယံ။

သဗ္ဗညု ဘုရားရှင်တို့မည်သည် တက်ကပ်ကမ္ဘာတွင် ပွင့်ထွန်းတော်မူရိုးမရှိကြပေ။ ဆုတ်ကပ်ကမ္ဘာမှသာ ပွင့်တော်မူခြင်းဖြစ်သည်၊ အကြောင်းကား တက်ကပ်ကမ္ဘာတွင် လူတို့သက်တမ်းရှည်ကြသဖြင့် အိုနာသေမှု သံဝေဂကိုမရှု မမြင်နိုင်ကြသောကြောင့်ဖြစ်သည်။ ဆုတ်ကပ်ကမ္ဘာတွင်လည်း အသက် (၁၀၀,၀၀၀) တမ်းနှင့် အထက်တွင် ဘုရားပွင့်ရိုးမရှိပေ၊ အိုနာသေခြင်း သံဝေဂကိုမမြင်နိုင်ကြသော ကြောင့်တည်း။

ရေဝတမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် လူတို့သက်တမ်း(၆၀,၀၀၀)တမ်းမှ (၁၀)နှစ်တမ်းအထိဆုတ်ယုတ်သွားသည် တဖန် (၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းထိ တက်ပြီးလျှင် အသင်္ချေယျတမ်းမှ ပြန်ဆုတ်လာရာ လူတို့ သက်တမ်း (၉၀,၀၀၀)သို့ရောက်သောအခါ သောဘိတဘုရားအလောင်းသည် နတ်ပြည်မှ လူပြည်သို့ဆင်းသက်၍ သုဓမ္မာနေပြည်တော်၌ သုဓမ္မမင်းကြီး၏ သုဓမ္မာဒေဝီ မိဖုရားကြီးမှ ဖွားမြင် တော်မူ၍ သောဘိတကုမာရ သောဘိတ မင်းသားဟု ဆွေတော်မျိုးတော်များက မှည့်ခေါ် ကြသည်။

သောဘိတမင်းသားသည် အရွယ်ရောက်လျှင် မခိလာဒေဝီ (မဏိလာဒေဝီ-မှုအချို့ရှိ) မိဖုရားနှင့် ကုမုဒ၊ နာဠိန၊ ပဒုမရွှေနန်း သုံးဆောင်၌ သီဟကုမာရ မင်းသားဖွားမြင်သည်အထိ ရွှေနန်းစည်းစိမ်ကို နှစ်ပေါင်း (၁၀,၀၀၀)တိုင်တိုင် ခံစားစံစားတော်မူသည်။

အလောင်းတော်မြတ်သည် ရွှေနန်းစည်းစိမ် ခံစားနေတော်မူစဉ် နိမိတ်ကြီးလေးပါးမြင်တွေ့ ရသောအခါ သံဝေဂထင်၍ စံနန်း ပြာသာဒ် ယာဉ်ဖြင့် တောထွက်တော်မူခဲ့သည် ယင်းစံနန်း ပြာသာဒ်ပေါ်မှာပင် ဒုက္ကရစရိယာ အကျင့်ကို (၇)ရက် ကျင့် တော် မူ ၍ -နာဂဗောဓိရက္ခ ကုံကော်ပင်ကိုအမှီပြုကာ-သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်တော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါးကား- အရှင်အသမထေရ်၊ အရှင်သုနေတ္တထေရ် တို့တည်း။

ဥပဋ္ဌာက အနိုးကပ်အလုပ်ကျွေးသောရဟန်းကား- အရှင်အနောမထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ(၂)ပါးကား-အရှင်မနကုလာထေရီ၊ အရှင်မသုဇာတာထေရီတို့တည်း။

မြတ်သောအလုပ်အကျွေးဒါယကာ(၂)ဦးကား-ရမ္မသူဋ္ဌေး၊ သုဒတ္တသူဋ္ဌေးတို့တည်း။ မြတ်သောအလုပ်အကျွေးဒါယိကာမ(၂)ဦးကား-နကုလာဥပသိကာမ၊ မိတ္တာ ဥပါသိကာမ တို့တည်း။

သောဘိတမြတ်စွာဘုရားညာဏ်တော်(အရပ်) မှာ(၅၈)ငါးဆယ့်ရှစ်တောင်မြင့်သည်၊ ရောင်ခြည်တော်ကား-စကြာဝဠာတိုက်(၁၀,၀၀၀)တစ်သောင်းပျံ့နှံ့သည်။ ငါတို့၏ ဂေါတမမြတ်စွာဘုရားအလောင်းတော် သောဘိတဘုရားလက်ထက်၌ရမ္မဝတီမြို့သား သုဇာတ ပုဏ္ဏားဖြစ်၍နိယတဗျာဒိတ်ပန်ဆင်ခဲ့သည်။

သောဘိတမြတ်စွာဘုရားသည် ဝေနေယျများစွာ သတ္တဝါတို့အား တရားအမြိုက်ဆေးတိုက်ကျွေးခြင်း ဗုဒ္ဓကိစ္စပြီးဆုံးသောအခါ လူတို့သက်တမ်း အနှစ်(၇၂,၀၀၀) ရှိသောအခါ-သီဟဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဇာတ်သိမ်း တော်မူပါသတည်း။. . .



## ၁၀။ အနောမဒဿီ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

အာ{ မိတာဘံ တိလောကဂ္ဂံ၊ အသမံ အမတံ ဒဒံ။
နောမဒဿီ မုနိံ ဝန္ဒေ၊ သော မေ ဒေတု ဇိနောဇယံ။

သောဘိတမြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အန္တရကပ်တစ်ခုတွင် (မ,သု,ရေ,သော)ဟူသောဘုရားလေးဆူ ပွင့်သော သာရမဏ္ဍကမ္ဘာသည် ကုန် ဆုံး သွား၏။ ထို့နောက်တွင် ဘုရားပွင့်ခြင်းမှဆိပ်သုဉ်းသော ဘုရားမပွင့်သော သုညကမ္ဘာကပ် အသင်္ချေဖြစ်ပျက် ကုန်လွန်သည်။ ထို့နောက် တက်ကပ်ကမ္ဘာ ဆုပ်သက်ကမ္ဘာဖြစ်ပျက်လာရာ တစ်ခုသောဆုတ်ကပ် ကမ္ဘာတွင် အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ (အ. ပ. နာ)ဟူသောဘုရားသုံးဆူ

ပွင့်တော်မူကြသည်။ ဘုရားသုံးဆူပွင့်သော ကမ္ဘာဖြစ်သောကြောင့် "ဝရကမ္ဘာ" ဟုခေါ်ဆို လေသည်။

အနောမဒဿီဘုရားအလောင်းတော်သည် ပါရမီအကျင့်မြတ်တို့ကိုဖြည့်ကျင့်တော်မူပြီး၍ တုသိတာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်၍ စန္ဒဝတီနေပြည်တော်၌ ယသဝါမင်းကြီး နန်းတော်တွင် ယသောဓရာဒေဝီ မိဘုရားကြီးမှ ဖွားမြင်တော်မူသည်။ မင်းသားအား နာမကရဏ မင်္ဂလာပြုသောအခါတွင် ကောင်းကင်ယံမှ ရွှေ ငွေ စသောရတနာ(၇)ပါးမိုးရွာသွန်းချမှုကိုအကြောင်းပြုကာ အနောမဒဿီ မင်းသားဟုမှည့်ခေါ်ကြသည်။

အနောမဒဿီမင်းသားအရွယ်ရောက်လျှင် သိရိမာဒေဝီမိဖုရားနှင့် -သိရိ၊ဥပသိရိ၊သိရိဝၶန ရွှေနန်းသုံးဆောင်၌ ဥပဝါနမင်းသား

ဖွားမြင်သည်အထိ နှစ်ပေါင်း(၁၀,၀၀၀) တစ်သောင်းကာလပတ်လုံး ရွှေနန်းစီးစိမ်ကို ခံစားစံစားတော်မူသည်။ နိမိတ်ကြီးလေးပါး မြင်တွေ့သော အခါ သံဝေဂထင်လာ၍ ရွှေထမ်းစင် (ဝေါယာဉ်)စီးကာတောထွက်တော်မူ၍ (၁၀)လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကိုကျင့်ကြံ အားထုတ်ပြီးလျှင် အဇ္ဈုန ရုက္ခဗောဓိ-ထောက်ကြံ့ (ဖောက်ကြံ) ဗောဓိပင်ကိုအမှီပြုကာ သဗ္ဗညုတ ဉာဏ်တော်ကိုရတော်မူ၍ သမ္မာသမ္ဗုဒ္ဓ ဘုရား စင်စစ်ဖြစ်တော်မူသည်။

အနောမဒဿီဘုရားလက်ထက်တော် အခါ၌ ငါတို့ဗုဒ္ဓဂေါတမအလောင်းလျာသည် ဘီလူးစစ်သေနာပတိကြီး ဖြစ်၍ ဘုရားရှင်တွေ့လျှင် ကြည်ညိုပွားကာ မိမိဘုံဗိမာန်တွင် ဆန်းကြယ်သော မဏ္ဍာပ်ကြီးဖန်ဆင်း၍ ဘုရားရှင်ထံအလှူကြီးပေးကာ

နိယတဗျာဒိတ် ပန်းကိုဆင်မြန်းခဲလေသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ နှစ်ပါး- အရှင်နိသဘထေရ်၊ အနောမထေရ်တို့တည်း။ အနီကပ်လုပ်ကျွေးသောရဟန်းကား- အရှင်ဝရုဏထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ နှစ်ပါးကား- အရှင်မ သုန္ဒရီထေရီ အရှင်မ သုမနာထေရီ တို့တည်း။

အဂ္ဂဒါယကာ(၂)ဦး-နန္ဒိဝဍ္ဎနသူဌေး၊ သိရိဝဍ္ဎသူဌေး တို့တည်း။ အဂ္ဂဒါယိကာမကြီး(၂)ဦး- ဥပ္ပလာဥပါသိကာမ-ပဒုမာဥပါသိကာမတို့တည်း။

အနောမဒဿီဘုရားညာဏ်တော် (အရပ်)မှာ (၅၈)ငါးဆယ့်ရှစ်တောင်မြင့်၍ ရောင်ခြည်တော် (၁၂)ယူဇနာတိုင်အောင်ပျံ့နှံ့သည်။

**နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား**

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်ထေရ်(၂)ပါးတို့လည်း ဤဘုရားရှင်ထံမှ အဂ္ဂသာဝက ဆုကို ပန်ဆင်ခဲ့ကြသည်။

အနောမဒဿီမြတ်စွာဘုရားသည် လူတို့ သက်တမ်း (၈၀,၀၀၀)ရှစ်သောင်းတွင် မမ္မရာမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသတည်း။




## ၁၁။ ပဒုမ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ပ { ကဋ္ဌ မမ္မံ ဒေသေန္တံ့ ပဏာန် ဉာဏာဒီပဒံ။
ဒုမံ သဗ္ဗညုံ ဝန္ဒေ ပဘံ မေ ဒေတု သော ဇယံ။

အနောမဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက် လူတို့၏ သက်တမ်း အနှစ် (၁၀၀,၀၀၀) တစ်သိန်းတမ်းမှ ဆုတ်ချီ တက်ချီဖြင့် နောက်ဆုပ်ကပ် ကမ္ဘာနှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်း ပြန်ရောက်သောအခါ ပဒုမဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်း၍ စမ္ပကမြို့တော်တွင် အသမမင်းကြီး နှင့် အသမဒေဝီ မိဖုရားကြီး တို့မှ ဖွားမြင်ကာ ရုပ်ဆင်းအင်္ဂါ စသည်တို့သည် သူတစ်ပါးတို့နှင့်မတူဘဲ မွေးဖွားစဉ်ကာလ၌ပင်




## (ခ) ပုဂံ - စွယ်တော် (၄) ဆူ (မြန်မာနိုင်ငံ)

၁။ စွယ်တော်လေးဆူ၊ နေ့ချင်းတူ၊ ကြည်ဖြူရှိခိုးကြ။

၂။ လှူဝတ္ထုတူ၊ တောင်းဆုတူ၊ ပြုသူပြည့်မြဲပ။

၃။ ဘုရားဒါယကာ ၊နော်ရထာ၊ မိန့်မှာညွှန်းဆိုပြ။

ပဒုမ္မာကြာမိုးကြီးရွာသွန်းသည်ကို အကြောင်းပြုကာ မဟာပဒုမ မင်းသားဟု ဆွေမျိုးများက အမည်သညာ မှည့်ခေါ်ကြသည်။

အလောင်းတော်မင်းသား အရွယ်ရောက်လျှင်-ဥတ္တရာဒေဝီမိဖုရားဖြင့်-နန္ဒုတ္တရ၊ဝသုတ္တရ၊ယသုတ္တရ ဟူသောရွှေနန်းသုံးဆောင်၌ နှစ်ပေါင်း(၃၃,၀၀၀)သုံးထောင်တိုင်တိုင် သားတော်ရမ္မမင်းသားဖွားမြင်သည်အထိ ရွှေနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။

ဥယျာဉ်တော်၌ ပျော်ပါးထွက်စဉ် နိမိတ်ကြီးလေးပါး မြင်၍ ထိတ်လန့်မှုသံဝေဂဖြစ်ကာ အာဇာနည်မြင်းကသော ရထားယာဉ်စီး၍ တောထွက်တော်မူခဲ့သည်။ ဒုက္ကရစရိယာအကျင့်မြတ်ကို(၈)လကြာ ကျင့်ပွား၍-မဟာသောဏဗောဓိ ကြောင်လျှော်ကြီး ဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတ ဉာဏ်တော်ကို ရကာ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ဂေါတမဗုဒ္ဓ အလောင်းတော်မြတ်သည် ပဒုမဘုရားပွင့်စဉ်အခါ ခြင်္သေ့မင်းဖြစ်၍၊ ပဒုမဘုရားရှင်ကိုဖူးမြင်ရသောအခါ ဘုရားရှင်လျှင် အာရုံရှိသော ဗုဒ္ဓါရမ္မဏပီတိဖြင့် အစာမစားပဲ ကြည်ညို၍နေလေရာ၊ ပဒုမမြတ်စွာဘုရားက နောင်အခါ ဤခြင်္သေ့မင်းသည် ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါးကား- အရှင်သာလထေရ် ဥပသာလတေရ်တို့တည်း။ အနီးကပ်အလုပ်အကျွေး ရဟန်းကား- ဝရုဏထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂) ပါးကား- အရှင်မ ရာဇာထေရီ၊ သုရာဇာထေရီတို့တည်း။ အဂ္ဂဒါယကာ(၂)ဦးကား-ဘိယျသူ ဌေး၊

အသမသူဌေးတို့တည်း။
အဂ္ဂဒါယိကာမကြီး(၂)ဦးကား ရှစိဥပါသိကာမ၊
နန္ဒာရာမ ဥပါသိကာမ တို့တည်း။

ပဒုမမြတ်စွာဘုရား၏ ညဏ်တော် (အရပ်) ကား (၅၈)တောင်မြင့်၍ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ကား စကြာဝဠာ တိုက်(၁၀,၀၀၀) တစ်သောင်းတိုင် ပျံ့နှံ့ကွန့်မြူးနေတော်မူသည်။ ပဒုမမြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး-တိုက်ကျွေးခြင်း၊ ဗုဒ္ဓကိစ္စပြုပြီးလတ်သော် သက်တော်(၈၀,၀၀၀) ရှစ်သောင်းတွင် ဓမ္မာရာမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။. . .

## ၁၂။ နာရဒ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

နာ { သေန္တံ အဝိဋ္ဌန္တကာရံ နာမေန္တံ ပုညသဥ္စယံ။
ရဒံ ပဘာဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူသောအခါ အနှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်းမှ ဆုတ်လာခြင်း တဖန်တက်လာခြင်း ဆုတ်ကပ်တက်ကပ် တစ်စုံပြီးနောက် အသင်္ချေယျ တမ်းမှ ဆုတ်လာခဲ့သော ဆုတ်ကပ်၌ လူတို့၏ သက်တမ်း (၉၀,၀၀၀) ကိုးသောင်းတမ်း ရောက်သောအခါ ပညာမိကဘုရားအလောင်း နာရဒသည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ခဲ့၍ ဓညဝတီမြို့တော် သုဒေဝမင်းကြီး၏

နန်းတော်ဝယ် အနောမာဒေဝီမိဖုရားကြီးမှ အလောင်းတော်မင်းသားကို ခနေ့ွဉယဉယျာဉ်တော်၌ မွေးဖွားတော်မူခဲ့သည်။ မင်းသားမွေးဖွားစဉ် ကောင်းကင်ယံမှ ပဒေသာပင်မိုးရွာသွန်းချ၍ အဝတ်တန်ဆာကိုပေးတတ်သူ(နာရ-လူတို့အား အဝတ်တန်ဆာစသည်ကို -ဒ-ပေးတတ်သူ)နာရဒ မင်းသားဟူ၍မှည့်ခေါ်ကြသည်။

နာရဒမင်းသားအရွယ်ရောက်လျှင် ဝိဇိတသေနာဒေဝီမိဖုရားဖြင့် -ဝိဇိတာ၊ ဝိဇိတာဝီ၊ ဝိဇိတာဘိရာမ ဟူသောနန်းမသုံးဆောင်၌ သားတော် နန္ဒုတ္တရမင်းသားဖွားသည်အထိ နှစ်ပေါင်း(၉၀,၀၀၀)ကိုးသောင်းကာလပတ်လုံး ရွှေနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။ ရွှေနန်းစည်းစိမ်ကိုခံစားနေစဉ် ဥယျာဉ်တော် ကစားထွက်ရာမှ နိမိတ်ကြီးလေးပါး မြင်လာ၍

ထိတ်လန့်မှုသံဝေဂဖြစ်ကာ (စီးတော်ယာဉ် အထူးမရှိ) ခြေလျင်ကြွတောထွက်တော်မူခဲ့ပြီး ဒုက္ကရစရိယာအကျင့်မြတ်ကို(၇)ရက်ကျင့်တော်မူသည်။ မဟာသောဏာဗောဓိ ကြောင်လျှာကြီး(ကြောင်လျှာနီ) ဗောဓိပင်ကိုအမှီပြု၍ကာ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ် ဖြစ်တော်မူသည်။

ငါတို့မြတ်စွာဂေါတမအလောင်းတော်သည် နာရဒဘုရားရှင်လက်ထက်တော်အခါ၌ ဈာန်အဘိညာဉ်ရ ရသေ့ဖြစ်၍ ဟိမဝန္တာတော၌ သီတင်းသုံး၍နေတော်မူသည်။

နာရဒဘုရားရှင်ဟိမဝန္တာသို့ကြွလာတော်မူစဉ် ဖူးမြင်ကြည်ညို၍ ရ၍ မြောက်ကျွန်းမှဆွမ်းကို ဆောင်ယူကာ ကပ်လှူပြီး ဘုရားရှင်ထံမှ ဂေါတမ မည်သောဘုရားရှင်ဖြစ်လာမည်ဟူသော နိယတဗျာဒိတ်ကိုကြားနာခဲ့ရသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ(၂)ပါးကား- အရှင်ဘဒ္ဒသာလထေရ်၊ အရှင်ဇိတမိတ္တထေရ် တို့တည်း။

အနီးကပ်လုပ်ကျွေးသောရဟန်းကား- အရှင်ဝါသေဋ္ဌ ထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ(၂)ပါးကား- အရှင်မ ဥတ္တရာထေရီ၊ အရှင်မ ဖဂ္ဂုနီထေရီ တို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦးကား-ဥဂ္ဂရိန္ဒသူဌေး၊ ဝသဘ သူဌေးကြီးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦးကား-ကန္ဒာဝရီ ဥပါသိကာမ၊ ဝဏ္ဏီ(ဂဏ္ဏီ)ဥပါသိကာမ တို့တည်း။

နာရဒဘုရားရှင်၏ ဉာဏ်တော်(အရပ်)မှာ (၈၀)တောင်မြင့်၍ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်မှာ (၁)ယူဇနာ ပျံ့နှံ့၏။

နာရဒဘုရားရှင်သည် လူနတ်ဗြဟ္မာသတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးခြင်း ဗုဒ္ဓကိစ္စပြီးဆုံးလတ်သော် လူတို့သက်တမ်း (၉၀,၀၀၀) ကိုးသောင်းမှ လေးပုံတစ်ပုံဖြစ်သော သက်တော်(၇၂,၀၀၀)ခုနစ်သောင်းနှစ်ထောင်တွင် သုဒဿနမြို့၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။



## ၁၃ ။ ပဒုမုတ္တရ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ပ { ဒီပံ ဒသေဿန္တံ နာထံ၊ ပဇာနံ ပါရနာယကံ။
ဒုမုတ္တရံ ဝန္ဒေဟံ၊ ပဘံ ဒဒါတု မေ ဇယံ။

နာရဒမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက်(အ,ပ,နာ,)ဘုရားသုံးဆူပွင့်တော်မူရာ ဝရကမ္ဘာကြီးတရွေ့ရွေ့ကုန်ဆုံးပျက်စီးသွားတော့သည်။ ထိုမှနောက်၌ ဘုရားမြတ်စွာပွင့်ထွန်းခြင်းမရှိသော ဘုရားမှဆိတ်သုဉ်းသော သုညကမ္ဘာပေါင်းအသင်္ချေကို ရှစ်အသင်္ချေဟုခေါ်ဆိုသည်။ သုညကမ္ဘာလွန်မြောက်၍ ဤကမ္ဘာမှ ပဋိလောမပြန်ရေတွက်သော် ကမ္ဘာ(၁၀၀,၀၀၀) တစ်သိန်းထက်ဖြစ်သော ကမ္ဘာ၌ ဘုရားတစ်ဆူသာပွင့်သော

သာရကမ္ဘာ၌ ပဒုမုတ္တရဘုရားတစ်ဆူ ပွင့်တော်မူသည်။

ပဒုမုတ္တရ မြတ်စွာအလောင်းတော်သည် ပါရမီ(၁၀)ပါးကျင့်ပွားပြီးနောက် နတ်တို့စည်းစိမ်ကို ခံစားရာမှ လူပြည်သို့ ဆင်းသက်လာ၍ ဟံသာဝတီ နေပြည်တော်တွင် အာနန္ဒာမင်းကြီး၏ မိဖုရားကြီး သုဇာတာဒေဝီမဟေသီမှ ဟံသာဝတီ မင်္ဂလာဥယျာဉ်တော်ဝယ် အလောင်းတော်မင်းသားကို ဖွားမြင်ခဲ့သည်၊ သားတော်ဖွားစဉ် ထက်ကောင်းကင်မှ ပဒုမ္မာကြာမိုး ရွာသွန်းဖြိုးချခြင်းကြောင့် နာမကရဏမင်္ဂလာပြုရာတွင် ပဒုမုတ္တရမင်းသားဟုမှည့်ခေါ်ကြသည်။

အလောင်းတော်မင်းသားအရွယ်ရောက်လျှင် ဝသုဒတ္တာဒေဝီမိဖုရားနှင့် အတူ နရဝါဟန၊ ယသဝါဟန၊ ဝသဝတ္တီ နန်းမသုံးဆောင်၌ ဥတုသုံးလီ မျှညီစံပျော်ကာ ဥတ္တရမည်သော

မင်းသားဖွားသည်အထိ နှစ်ပေါင်း(၁၀,၀၀၀) တစ်သောင်းကာလပတ်လုံး ရွှေနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။ ထိုသို့စံပျော်နေရာမှ ဥယျာဉ်ထွက်စဉ်အခါ နိမိတ်ကြီးလေးပါး မြင်တွေ့ရလျှင် ထိတ်လန့်ခြင်းသံဝေဂရ၍ စံမြန်းရာ နန်းပြာသာဒ် ယာဉ်ပျံဖြင့်တောထွက်တော်မူသည်၊ ဒုက္ကရစရိယာ အကျင့်မြတ်ကို(၇)ရက်ကျင့်တော်မူ၍ သလလရုက္ခဗောဓိ-ထင်းရှူးဗောဓိပင်ကိုအမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရတော်မူပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်တော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါးကား- အရှင်ဒေဝလထေရ်၊ အရှင်သုဇာတထေရ်တို့တည်း။ အနီးကပ်လုပ်ကျွေးသောရဟန်းကား- အရှင်သုမနထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါးကား

အရှင်မ အမိတာထေရီ၊ အရှင်မ အသမာထေရီ တို့တည်း။
အဂ္ဂဒါယကာကြီး(၂)ဦးကား-ဝိတိဏ္ဏသူဌေး၊ တိဿသူဌေးတို့တည်း။
အဂ္ဂဒါယိကာမကြီး(၂)ဦးကား-ဟဋ္ဌာဥပါသိကာမ၊ ဝိစိတ္တာဥပါသိကာမတို့တည်း။

ပဒုမုတ္တရဘုရားရှင်၏အရပ်တော်(ညာဏ်တော်)မှာ (၅၈)ငါးဆယ့်ရှစ်တောင်မြင့်၍ ကိုယ်မှထွက်သော ရောင်ခြည်တော်မှာ (၁၂)ယူဇနာ ပျံ့နှံ့ကွန့်မြူးသည်။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်အခါ၌ ငါတို့ဂေါတမဘုရားအလောင်းတော်ကား- ဇဋိလအမည်ရသော တိုင်းကြတ်သူဌေးကြီး အဖြစ်ဖြင့် နိယတဗျာဒိတ်ကိုပန်ဆင်ခဲ့သည်။ အထူးကား ဤဘုရားရှင်လက်ထက်တော်မှာပင်-

ရှင်မဟာကဿပ စသောအသီတိမဟာသာဝက ရှစ်ကျိပ်တို့ မဟာသာဝကဆုကို ပန်ဆင်ခဲ့ကြသည်။ ပဒုမုတ္တရာဘုရားမြတ်စွာသည် သက်တော်(၈၀,၀၀၀) ရှစ်သောင်းတွင် နန္ဒာရာမဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။ . . .

## ၁၄။ သုမေဓ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သု { ဒွါစာရံ ပကာသေန္တံ၊ သုဒ္ဓမမ္ပံ သုဒေသကံ။
မေဓံ မမ္ပဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက် ဘုရားတစ်ဆူသာပွင့်သော သာရကမ္ဘာကြီးပျက်စီးသွားတော့သည်။
ထို့နောက် ဘုရားမပွင့်သော သုညကမ္ဘာပေါင်း (၃၀၀,၀၀၀)သုံးသောင်းတို့အထက်၌ တစ်ခုသော ကပ်ကမ္ဘာတွင် သုမေဓ၊ သုဇာတ(သု၊သု) ဘုရားနှစ်ဆူပွင့်သော မဏ္ဍကမ္ဘာဖြစ်သည်။ ထိုမဏ္ဍကမ္ဘာတွင် သုမေဓမြတ်စွာဘုရား ဦးစွာပွင့်တော်မူသည်။

သုမေဓဘုရားအလောင်းတော်သည်

(၁၀)ပါးပါရမီ ပြည့်ညီပြီးဖြစ်သောကြောင့် စံနေရာ တုသိတာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်း၍ သုဒ္ဒဿနမြို့တော် သုဒ္ဓောဒနမင်းကြီး၏ အဂ္ဂမဟေသီ သုဒ္ဒတ္တာဒေဝီမိဖုရားကြီးမှ သားတော် သုမေဓ မင်းသား ဖွားတော်မူသည်။ အလောင်းတော် သုမေဓ မင်းသားသည် သုမနာဒေဝီမင်းသမီးနှင့် သားတော် သုနဗ္ဗသုမင်းသားဖွားသည့် ကာလတိုင်အောင် သုစန္ဒ၊ ကဥ္စန၊ သိရိဝဍ္ဎန ရွှေနန်းသုံးဆောင်၌နှစ်ပေါင်း (၉,၀၀၀)ကိုးထောင် ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားစံစား တော်မူသည်။ အလောင်းတော် မင်းသားသည် ဥယျာဉ်တော်ကစားစဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ နိမိတ်ကြီးလေးပါးကိုတွေ့မြင် ထိတ်လန့်မှုသံဝေဂကာ ဆင်ရတနာယာဉ်စီး၍ တောထွက်တော်မူခဲ့သည်။

ဒုက္ကစရိယာအကျင့်ကို(၁၅)ရက်ကျင့်တော်မူ၍

နိပရုက္ခဗောဓိ-မအူဗောဓိပင်ကိုအမှီပြုကာ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

သုမေဓမြတ်စွာဘုရားပွင့်ထွန်းလာသောအခါ ဂေါတမဗုဒ္ဓဘုရားအလောင်းလျာသည် ဥတ္တရ မည်သော ဗြဟ္မဏလုလင် သူကြွယ်ဖြစ်၍ ကုဋေ(၈၀) ကြွယ်ဝချမ်းသာသည်။ သုမေဓ ဘုရားအမှူးထားကာ တပည့်သံဃာများစွာတို့အား ကြီးစွာသောအလှူကြီးကို ပေးလှူပြီး ရဟန်း ပြုခဲ့သည်။ မြတ်စွာဘုရားရှင်က ဤရဟန်းသည် နောင်အခါ ဂေါတမအမည်ဖြင့် ဘုရားဖြစ်လိမ့် မည်ဟု ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ(၂)ပါး-
အရှင်သရဏထေရ်၊ သဗ္ဗကာမထေရ်တို့တည်း။
အနီးနေအလုပ်ကျွေးရဟန်းကား-ရှင်သာဂရထေရ် တည်း။

**နှစ်ကိုပ်ရှစ်ဆူ မြတ်စွာဘုရား**

အဂ္ဂသာဝကာမ ယာ+ဝဲ(၂)ပါး-အရှင်မရာမာထေရ် သုရာမာထေရ်တို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦး-ဥရုဝေလသူဌေး၊ ယသဝါသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-အသောစရာ ဥပါသိကာမ၊ သိရိမာဥပါသိကာမတို့တည်း။

သုမေဓမြတ်စွာဘုရား၏ အရပ်တော် (ညာဏ်တော်) မှာ-(၈၈)ရှစ်ဆယ့်ရှစ်တောင်မြင့်၍၊ ရောင်ခြည်တော်ကား-တစ်ယူဇနာ အမြဲပျံ့နှံ့ကွန့်မြူးသည်။ သုမေဓမြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးလျှင် ဗုဒ္ဓကိစ္စ ပြည့်စုံအောင် ဆောင်ရွက်ကာ သက်တော် (၇၂,၀၀၀) ခုနှစ်သောင်းနှစ်ထောင်တွင် မေခါရာမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။

## ၁၅။ သုဇာတ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သု { ပတိဋ္ဌ ကရံ လောကေ၊ သုတောသေန္တံ မဟာဇနံ။
ဇာတံ သုဂတံ ဝန္ဒေ၊ သုခံ သော ဒေတု မေ ဇယံ။

သုမေဓမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူပြီးသည့်နောက် ဉာဏမဏ္ဍကမ္ဘာ၌ပင်လျှင် လူတို့သက်တမ်း အနှစ်(၉၀,၀၀၀)ကိုးသောင်းမှ (၁၀)နှစ်တမ်းအထိဆုတ်ခဲ့ပြီး တဖန်(၁၀)နှစ်တမ်းမှ တဖန်အခေျယျတမ်းအထိ တက်လာသည်၊ တဖန်အသခေျယျတမ်းမှ ပြန်ဆုတ်လာရာ လူတို့အသက်(၉၀,၀၀၀)ကိုးသောင်းတမ်းသို့ရောက်သောအခါ သုဇာတ မြတ်စွာဘုရားအလောင်းတော်သည် ဝီရိယာဓိက ဆုပန်ဘုရားဖြစ်၍(၁၆)သခေျနှင့် ကမ္ဘာတစ်သိန်း

ပါရမီဖြည့်ခဲ့ရာ ပြည့်ညီပြီဖြစ်သဖြင့် တုသိတာ နတ်နန်းမှ လူပြည်စခမ်းသက်ဆင်းခဲ့ပြီး သုမင်္ဂလ နေပြည်တော် ဥဂ္ဂတမင်းကြီး နန်းတော်တွင် အဂ္ဂမဟေသီ ပဘာဝတီဒေဝီမိဖုရားကြီးမှ သုဇာတသားတော်ကို ဖွားမြင်တော်မူသည်။

အလောင်းတော်မင်းသားအရွယ်ရောက်လျှင် သိရိစန္ဒာဒေဝီမိဖုရားဖြင့် သားတော်ဥပသေန မင်းသားဖွားမြင်သည်အထိ သိရိ၊ဥပသိရိ၊သိရိနန္ဒ နန်းမသုံးဆောင်တို့၌ ဆောင်း၊နွေ၊မိုး ဥတုသုံးလီကို နှစ်ပေါင်း(၉,၀၀၀)ကိုးထောင်တိုင်တိုင် ရွှေနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။ ဥယျာဉ်ကစားထွက်ကြွစဉ် နိမိတ်ကြီးလေးပါးကို တွေ့မြင်ကာ ထိတ်လန့်မှု သံဝေဂကြီးစွာရ၍ မင်္ဂလာမြင်းယာဉ်စီကာ တောထွက်တော်မူခဲ့သည်၊ ဒုက္ကရစရိယာအကျင့်ကို(၉)လကြာ ကျင့်ပွား၍

မဟာဝေဠုဗောဓိ-ကြခတ်ဝါးပင်ကြီးကိုအမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရပြီး သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ထိုသုဇာတဘုရားလက်ထက်တော်၌ အကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓ အလောင်းလျာသည် စကြဝတေးမင်းကြီးဖြစ်၍ သုဇာတ ဘုရား အမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော အလှူကို ပေးလှူပြီး ရဟန်းပြုခဲ့လေရာ မြတ်စွာဘုရား အလောင်းတော်အား နောင်အခါ ဂေါတမဘုရားဖြစ်မည်ဟု ဗျာဒိတ်စကား မိန့်ကြား တော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- ရှင်သုဒဿနထေရ်၊ ရှင်သုဒေဝထေရ်တို့တည်း။ အနီးနေအလုပ်ကျွေးရဟန်းကား-ရှင်နာရဒထေရ် တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး-ရှင်မ နာဂါထေရီ၊ ရှင်မ နာဂသမာလာထေရီတို့တည်း။
အဂ္ဂဒါယကာကြီး(၂)ဦး-သုဒတ္တာသူဌေး၊ စိတ္တာသူဌေး တို့တည်း။
အဂ္ဂဒါယကာမကြီး (၂)ဦး-သုဘဒ္ဒါဥပါသိကာမ၊ ပဒုမာဥပါသိကာမတို့တည်း။

သုဇာတဘုရားရှင်၏ အရပ်တော် (ညာဏ်တော်)မှာ အတောင်(၅၀)ငါးဆယ်ရှိ၍ ရောင်ခြည်တော်မှာ-အထက်ဝန်းကျင် အရပ်မျက်နှာ တို့သို့ အတိုင်းအရှည်မရှိ အလိုရှိသလို ပျံ့နှံ့ကွန့်မြူးတော်မူသည်။ ဗုဒ္ဓကိစ္စအားလုံးပြုဆောင်ပြီးသောအခါ သက်တော် (၇၂,၀၀၀) ခုနှစ်သောင်းနှစ်ထောင်ရှိသောအခါ စန္ဒဝတီမြို့အနီး သီတာရာမ အရာမ်အတွင်း၌ ပရိနိဗ္ဗာန်ဝင်စံ ဇာတ်သိမ်းတော်မူပါသတည်း။. . .

# ၁၆။ ပိယဒဿီ မြတ်စွာဘုရား

## ဘုရားရှိခိုး+ဆုတောင်းဂါထာ

ပိ { သာ ပေန္တံ့ မေမွာဘာသံ၊ ပိဝါသေန္တာ မတောသမံ။
ယဒဿီ မုနိံ ဝန္ဒေ၊ ပိသန္တံ့ ဒေတု မေ ဇယံ။

သုဇာတမြတ်စွာဘုရားပွင့်ထွန်းပြီးနောက် ဘုရားနှစ်ဆူပွင့်ရာ မဏ္ဍကမ္ဘာကြီး ပျက်စီးကုန်ဆုံးသွားသည်။ ကမ္ဘာပေါင်း (၂၈,၂၀၀) နှစ်သောင်းရှစ်ထောင်နှစ်ရာတို့ကာလပတ်လုံး ဘုရားတစ်ဆူမျှ မပွင့်သော ဘုရားရှင်တို့မှ ဆိပ်သုဉ်းသော သုညကမ္ဘာများဖြစ်ကြသည်။ ထိုသုညကမ္ဘာများ လွန်မြောက်ပြီးနောက် ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်သော် ကမ္ဘာပေါင်း (၁,၈၀၀) တစ်ထောင့်ရှစ်ရာ အထက်၌ တခုသောကမ္ဘာတွင်-ပိယဒဿီ၊ အတ္ထဒဿီ၊

နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား

ဓမ္မဒဿီ ဟူသောဘုရားသုံးဆူပွင့်ထွန်းရာ ဝရကမ္ဘာဖြစ်ပေါ်လာသည်၊ ဤဝရကမ္ဘာ၌ ရှေးဦးစွာ ပိယဒဿီဘုရားအလောင်းသည် ဆယ်ပါးပါရမီစုံပြည့်ညီသဖြင့် လူတို့သက်တမ်း အနှစ်(၉၀,၀၀၀)ကိုးသောင်းရောက်သောအခါ တုသိတာနတ်ပြည်မှ လူ့ပြည်လောကသို့သက်ဆင်း ကြွလာသည်၊ သုဓညဝတီမြို့တော်ဝယ် သုဒတ္တမင်းကြီး၏အဂ္ဂမဟေသီစန္ဒာဒေဝီမိဖုရားမှ ဖွားမြင်တော်မူလာသည်၊ ဖွားမြင်စဉ်အခါ လူတို့မမြင်ဘူးသော ချစ်ခင်နှစ်သက်ဖွယ် ထူးဆန်းသော တန်ခိုးပြာဋိဟာကိုပြလျက် ဖွားမြင်လာခြင်းကြောင့် ပိယဒဿီဟု ဆွေတော် မျိုးတော်များက မှည့်ခေါ်ကြသည်။

ပိယဒဿီအလောင်းတော်မင်းသားအရွယ်ရောက် သောအခါ ဝိမလာဒေဝီမိဖုရားဖြင့် သားတော်

ကဏ္ဍူနာဝဝေဋ္ဌမည်သော သားတော်မင်းသား ဖွားသည်အထိ သုနိမ္မလ၊ဝိမလ၊ဂိရိဗြဟာ ဟူသောနန်းမသုံးဆောင်တို့၌ ဆောင် နွေ မိုး ဥတုသုံးလီ မျှညီစွာ နှစ်ပေါင်း(၃၃,၀၀၀) သုံးသောင်းသုံးထောင် ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစာစံစားတော်မူသည်။

ဥယျာဉ်တော်သို့ ထွက်စဉ်အခါ သူအို၊သူနာ၊သူသေ၊ရဟန်း နိမိတ်ကြီးလေးပါး မြင်ကာ ထိပ်လန့်မှုသံဝေဂရှုလျက် အာဇာနည် မင်္ဂလာမြင်းယာဉ်စီးကာ တောထွက်တော်မူသည်၊ ဒုက္ကရစရိယာအကျင့်ကို(၆)လကြာ ကျင့်တော်မူ၍ ကကုဓဗောဓိရုက္ခ-ရေခံတက် ဗောဓိပင်ကိုအမှီပြုပြီး သဗ္ဗညုတဉာဏ်တော်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ဗုဒ္ဓဂေါတမဘုရားအလောင်းသည် ဤပိယဒဿီဘုရားရှင်လက်ထက်၌ ဝေဒကျမ်းတတ် ပါရဂူ ကဿပလုလင်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျောင်းဆောက်လှူဒါန်းရာ ပိယဒဿီဘုရားရှင်က အနုမောဒနာတရား ဟောကြားပြီးသောအခါ ဘုရားဖြစ်မည်ဟု နိယတဗျာဒိတ်ပေးတော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- ရှင်ဥပါလိတထေရ်၊ ရှင်သဗ္ဗဒဿီထေရ်တို့တည်း။ အနီးပကတ်အလုပ်ကျွေးရဟန်းကား- ရှင်သောဘိတ ထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး-ရှင်မ သုဇာတာထေရီ၊ ရှင်မ ဓမ္မဒိန္နာထေရီတို့တည်း။ အဂ္ဂဒါယကာကြီး(၂)ဦး-သန္ဒကသူဌေး၊ ဓမ္မကသူဌေး တို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-ဝိသာခါဥပါသိကာမ၊ မမ္ဗဒိန္နာဥပါသိကာမ တို့တည်း။

ပိယဒဿီဘုရားရှင်၏အရပ်(ဉာဏ်)တော်မှာ အတောင်(၈၀)မြင့်၍၊ ရောင်ခြည်တော်မှာ-အတိုင်းအဆမရှိ အရပ်မျက်နှာအားလုံး ပျံ့နှံ့ကွန့်မြူး၏။ ပိယဒဿီမြတ်စွာဘုရားသည် ဗုဒ္ဓကိစ္စအားလုံး ဆောင်ရွက်ပြီးဆုံးသောအခါ သက်တော်(၇၂,၀၀၀)ခုနှစ်သောင်းနှစ်ထောင်တွင် သတ္တာရာမ ညောင်ဗုဒ္ဓဟော ဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။. . . .

## ၁၇။ အတ္ထဒဿီ မြတ်စွာဘုရား

### ဘုရားရှိခိုး ဆုတောင်းဂါထာ

အ { ဋ္ဌာနဋ္ဌံ ပကာသေန္တံ့ သဋ္ဌာနံ ဒါယကံ သုခံ။
ဋ္ဌဒဿီ နမေ နာထံ၊ သော မေ ဒေတု ဇိနော ဇယံ။

ပိယဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားပြီးနောက် ထိုစဉ်လူတို့သက်တမ်း အနှစ် (၉၀,၀၀၀) ကိုးသောင်းမှ(၁၀)နှစ်တမ်းအထိ ဆုတ်ယုတ်လာခဲ့သည်။ တဖန်(၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းအထိတက်ကပ်ကမ္ဘာသက်တမ်း တက်၍တက်၍သွားသည်၊ ထို့နောက်တဖန် အသင်္ချေယျတမ်းမှ ဆုတ်ကပ်ကမ္ဘာသက်တမ်း ဆုတ်ယုတ်လာရာ အတ္ထဒဿီအလောင်းလျာသည် ဖြည့်ပွားပါရမီပြည့်စုံညီသဖြင့် လူတို့သက်တမ်း (၁၀၀,၀၀၀)တစ်သိန်းတမ်းသို့ ဆိုက်ရောက် လာစဉ်

အခါ တုသိတာနတ်ပြည်မှ လူပြည်သို့ ဆင်းသက်တော်မူခဲ့သည်၊ သောဘဏာနေပြည်တော်ဝယ် သာဂရမင်းကြီး၏နန်းတော်ရှိ သုဒဿနာ မိဖုရားကြီးမှ သုစိန္တာနဉယျာဉ်တော်၌ ဖွားမြင်တော် မူခဲ့သည်။

အလောင်းတော်မြတ်ဖွားမြင်လတ်သော ကြာမြင့်စွာသော ကာလက ဆွေမျိုးအဆက်ဆက်တို့သည်၊ မြေအတွင်း၌မြှုပ်နှံသိမ်းဆည်းထားသော ရွှေငွေ ဥစ္စာရတနာကို ပိုင်ရှင်တို့ပြန်လည် ရရှိခြင်းကြောင့် အလောင်းမင်းသားကို နာမကာရဏာမင်္ဂလာ ပြုသောအခါ အတ္ထဒဿီ မင်းသားဟု မှည့်ခေါ်ကြသည်။

အတ္ထဒဿီမင်းသားသည် အရွယ်ရောက်သော အခါ၌ ဝိသာခါဒေဝီမိဖုရားအမှူးရှိသော အခြွေအရံမောင်းမများဖြင့် အမရဂီရိ၊ သူရဂီရိ၊ ဝါဟနဂီရိ၊ ဟူသောရွှေနန်းသုံးဆောင်၌ နှစ်ပေါင်း(၁၀,၀၀၀)ကာလပတ်လုံး သားတော်

## နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား

သေလမင်းသားဖွားသည့်တိုင်အောင် ထီးနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။ ထိုကဲ့သို့ ထီးနန်းစည်းစိမ်ကို ခံစားစံစားနေစဉ် နိမိတ်ကြီးလေးပါးကို တွေ့မြင်လျှင် သံဝေဂထင်လာ၍ သုဒဿနမြင်းယာဉ်စီကာ တောထွက်တော်မူခဲ့သည်။

ဒုက္ကရစရိယာအကျင့်ကို(၈)လကျင့်ကြံပွားများ၍၊ စမ္ပကရုက္ခဗောဓိ-ကံ့ကော်ဗောဓိပင်ကိုအမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော်မူပါသည်။

အတ္ထဒဿီဘုရားလက်ထက်တော်အခါ၌ ဂေါတမဗုဒ္ဓလောင်းလျာသည် သုသိမရသေ့ဖြစ်နေကာ မြတ်စွာဘုရားထံမှာ နိယတဗျာဒိတ်ကို နာခံခဲ့ရပါသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- ရှင်သန္တထေရ်၊ ဥပသန္တထေရ်တို့တည်း။ အနီးကပ်လုပ်ကျွေးရဟန်း-အဘယ ထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး-ရှင်မ ခမ္မထေရီ၊ ရှင်မ သုမမ္မ ထေရီတို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦး-နကုလသူဌေး၊ နိသဘသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-မဏိလာ ဥပါသိကာမ၊ သုနန္ဒာ ဥပါသိကာမတို့တည်း။

အတ္တဒဿီဘုရားရှင်၏ အရပ်(ဉာဏ်)တော်မှာ အတောင်(၈၀)မြင့်၍ ရောင်ခြည်ကား တစ်ယူဇနာတိုင်အောင်ပျံ့နှံ့ကွန့်မြူးသည်။ သက်တော် အနှစ်(၈၀,၀၀၀)ရှစ်သောင်းရောက်သော အခါ အနောမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံ တော်မူပါသည်။ အဓိဋ္ဌာန်တော်မူခဲ့၍ ဓာတ်တော်များကြွင်းကျန်နေခဲ့ပါသဖြင့် နတ်လူ အများတို့ စေတီပုထိုးတည်ကာ ကိုးကွယ်ပူဇော်ကြ လေသတည်း။

## ၁၈။ ဓမ္မဒဿီ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဓ { မွဒီပံ မဟာတေဇံ၊ သတ္တာနံ ဘယနာသကံ။
မ္မဒဿိ နမေ ဒီပံ၊ သော မေ ဒေတု ဇိနော ဇယံ။

အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး သည့်နောက်လူတို့သက်တမ်း (၁၀၀,၀၀၀) တစ်သိန်းတမ်းမှ (၁၀)နှစ်တမ်းအထိ တရွေ့ရွေ့ဆုတ်ခြင်း၊ တဖန်ထို(၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်ကပ်ကာလတက်ခြင်း၊ ထို့နောက်တဖန်အသင်္ချေယျတမ်မှ ပြန်ဆုတ်လာရာ အနှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်းရောက်သောအခါ ဓမ္မဒဿီ မြတ်စွာဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းခဲ့ပြီး သရဏမြို့တော်တွင် သရဏမင်းကြီး၏ အဂ္ဂမဟေသီ

သုန္နာဒေဝီ မိဖုရားကြီးမှ သရဏာဥယျာဉ်တော်၌ ဖွားမြင်တော်မူလာသည်။ အလောင်းတော်မြတ် ဖွားမြင်စဉ်အခါ ငြင်းခုံခြင်းကို ဆုံးဖြတ်ရာ ဓမ္မသတ်ဥပဒေကျမ်းစာတို့၌ တရားမညီသော ပြတ်ချက်များ ကွယ်ပျောက်ကုန်ပြီး တရားနှင့် ညီသော ပြတ်ချက်တို့သာ တည်ရှိကျန်ရစ် ကြသည်ကို အစွဲပြု၍မင်းသားနာမည်ကို ဓမ္မဒသီမင်းသားဟု မှည့်ခေါ်ကြသည်။

အလောင်းတော်မင်းသားသည် အရွယ် ရောက်သော အခါ ဝိစိကောဋ္ဌမိဖုရားအမှူး ရှိသော မောင်းမများခြံရံလျက် သားတော် ပုညဝမ္မန မင်းသားဖွားသည်တိုင်အောင် အရမ္မ ဝိရမ္မ သုဒဿန ရွှေနန်းသုံးဆောင်တို့၌ နှစ်ပေါင်း (၈၀,၀၀၀) ရှစ်သောင်းကာလပတ်လုံးထီးနန်းစည်းစိမ်ကို ခံစားစံစားတော်မူသည်။

**နှစ်တကျိပ်ရှစ်ဆူ မြတ်စွာဘုရား**

ထိုသို့ထိုနန်းစည်းစိမ်ကိုခံစားနေတော်မူစဉ် ဥယျာဉ်တော်ထွက်ရာ နိမိတ်ကြီးလေးပါး မြင်တွေ့ရ၍ သံဝေဂကြီးစွာဖြစ်ပြီး ထိုးနန်းစည်းစိမ်ကိုစွန့်ပယ်ကာ သုဒဿနပြာသာဒ် ယာဉ်ပျံတော်စီးလျက်ပင် တောထွက်တော်မူခဲ့၏။

ဒုက္ကရစရိယာ အကျင့်ကို (၇)ရက်ကျင့်တော်မူ၍ ရတ္တကုရဝကဗောဓိ-သံသတ်မင်ဗောဓိကို အမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရတော်မူ၍ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်တော်မူသည်။

ဓမ္မဒဿီဘုရားလက်ထက်တော်၌ ဂေါတမ ဗုဒ္ဓလောင်းလျာသည် နတ်တို့ကိုအစိုးရသော သိကြားမင်းဖြစ်၍ မြတ်စွာဘုရားကို ဖူးမြင်ရလျှင် နတ်ပန်းတို့ဖြင့် ပူဇော်ကာ နိယတဗျာဒိတ် ပန်ဆင်ခဲ့သည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး-
အရှင်ပဒုမထေရ်၊ ဖုဿဒေဝထေရ် တို့တည်း။
အနီကပ်လုပ်ကျွေးသောရဟန်းကား-
အရှင်သုနေတ္တထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး-
အရှင်မ ခေမာထေရီ၊ အရှင်မ သဗ္ဗနာမ
ထေရီတို့တည်း။
အဂ္ဂဒါယကာကြီး(၂)ဦး-သုဘဒ္ဒသူဌေး၊
ကဋိဿဟသူဌေးတို့တည်း။
အဂ္ဂဒါယိကာမကြီး(၂)ဦး-သာဋိယာဥပါသိကာမ၊
ကဋိယဥပါသိကာမတို့တည်း။

ဓမ္မဒဿီဘုရားရှင်၏ အရပ်(ဉာဏ်)
တော်မှာ အတောင်(၈၀)ရှစ်ဆယ်မြင့်၍၊
ရောင်ခြည်တော်ကား (၁)ယူဇနာပျံ့နှံ့ကွန့်မြူး၏။
ဤသို့အတုမရှိသောတန်ခိုးတော်နှင့်ပြည့်စုံတော်မူသော

မင်္ဂလမြတ်စွာဘုရားသည် သတ္တဝါများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမှု ဗုဒ္ဓကိစ္စအားလုံး ပြီးမြောက်သောအခါ သက်တော် (၉၀,၀၀၀)ရှစ်သောင်း ရှိသောအခါ သာလဝတီမြို့ သာလာရာမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူပါသတည်း။



# ၁၉။ သိဒ္ဓတ္ထ မြတ်စွာဘုရား

## ဘုရားရှိခိုး+ဆုတောင်းဂါထာ

သိ { ဥက္ကာံ မမ္ဗဝသေသန၊ သန္တာပေ ဝရသန္တိဒံ။
ဒွတ္ထံ သိဒ္ဓိဇံ ဝန္ဒေ၊ သော မေ ဒေတု ဇိနောဇယံ။

မမ္ဗဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက်၊ ဗုဒ္ဓသာသနာ ကွယ်ပတော်မူသည်။(ပိ,အ,မ)ဘုရားသုံးဆူပွင့်တော်မူရာ ဝရကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားတစ်ဆူမျှ မပွင့်သော ဘုရားရှင်များဆိတ်သုဉ်းသော သုညကမ္ဘာပေါင်း(၁၇၀၆)ကမ္ဘာလုံးလုံး ကုန်ဆုံးဖြစ်ပျက်ခဲ့သည်။ ထိုမှနောက်၌ ယခုအခါ ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သော် (၄၉) မြောက်ဖြစ်သောကမ္ဘာ၌ လူတို့၏သက်တမ်း ဆုတ်ယုတ်ခြင်း၊ ပြန်တက်ခြင်းမှ

တဖန် အသခေျ်ယျတမ်းပြန် ဆုတ်ခဲ့သော အနှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်းသို့ရောက်သော အခါသိဒ္ဓတ္ထဘုရား အလောင်းသည် ကျင့်ပွားပါရမီ ပြည့်စုံပြီဖြစ်သောကြောင့် တုသိတာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းကာ ဝေဘာရမြို့တော် ဥဒေနမင်းကြီး၏ အဂ္ဂမဟေသီ သုဖဿာဒေဝီ မိဖုရားကြီးမှ ဝီရိယမည်သောဥယျာဉ်တော်တွင်း၌ ဖွားမြင်တော်မူခဲ့သည် အလောင်းမင်းသားဖွားစဉ် ခတ်သိမ်းသောသူတို့၏ လုပ်ကိုင်ဆောင်ရွက် ကိစ္စအဝဝတို့သည် အလိုရှိတိုင်း အောင်မြင် ပြီးမြောက်မှုကို အကြောင်းပြုကာ သိဒ္ဓတ္ထမင်းသား ဟုမှည့်ခေါ်ကြသည်။

အလောင်းတော်မင်းသားအရွယ်ရောက်လျှင် သောမနဿာဒေဝီမိဖုရားအမှူးပြုသော မောင်းမပေါင်းခြံရံလျှက် ကောက၊ သုပ္ပလ၊ ပဒုမ

(ကောကနဒ-အချို)ရွှေနန်းသုံးဆောင်တို့၌ သောမနဿဒေဝိမိဖုရားမှ သားတော် အနူပမ ဖွားသည်အထိ နှစ်ပေါင်း(၁၀,၀၀၀) တစ်သောင်း ကာလပတ်လုံးထီးနန်းစည်းစိမ်ကိုခံစား စံစား တော်မူသည်။ ထိုသို့ထီးနန်းစည်းစိမ်ကို စံစားနေတော်မူစဉ် နိမိတ်ကြီးလေးပါးကို တွေ့မြင်လျှင် ထိတ်လန့်ခြင်းသံဝေဂထင်၍ ရွှေထမ်းစဉ် (ဝေါယာဉ်) စီးကာ ဝိရိယဥယျာဉ်သို့ တောထွက်ခဲ့ပြီး ဒုက္ကရစရိယာအကျင့်ကို (၁၀)လကြာ ကျင့်ကြံပွားများတော်မူ၍ ကဏိကာရဗောဓိ-မဟာလှေကားဗောဓိပင်ကို မှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ဂေါတမဗုဒ္ဓအလောင်းလျာကား သိဒ္ဓတ္ထ ဘုရားရှင်လက်ထက်တွင် ဗျာန်းအဘိညာဉ်ရသော

မင်္ဂလရသေ့ဖြစ်၍ ဇမ္ဗုသပြေသီးကြီးကို ဘုရားရှင်အား ကပ်လှူပြီးလျှင် မြတ်ဘုရားက နိယာတဗျာဒိတ်မိန့်ကြားတော်မူ၏

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂) ပါး- အရှင်သမ္ဗလထေရ်၊ သုမိတ္တထေရ်တို့တည်း။

အနီးနေအလုပ်ကျွေးရဟန်းတော်ကား- အရှင်ရေဝတ ထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး အရှင်မ သီဝလာထေရီ၊ အရှင်မ သုရာမာထေရီ တို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦး-သုပ္ပယသူဌေး၊ သမုဒ္ဒသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-ရမ္မာဥပါသိကာမ၊ သုရမ္မာဥပါသိကာမတို့တည်း။

သိဒ္ဓတ္ထဘုရားရှင်၏အရပ်(ညာဏ်)တော်မှာ အမြင့် အတောင်(၆၀)ရှိသည် ရောင်ခြည်တော်ကား တစ်ယူဇနာအရပ်တိုင်ပျံနှံ့ကွန့်မြူး၏။ သိဒ္ဓတ္ထ မြတ်စွာ ဘုရားသည် ဝေနေယျများစွာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးခြင်းစသော ဗုဒ္ဓကိစ္စငါးပါးတို့ကို ပြီးပြည့်စုံအောင်ဆောင်ရွက်တော်မူပြီးနောက် သက်တော်(၈၀,၀၀၀)ရှစ်သောင်းရှိသောအခါ ကဥ္စနဝေဠုမြို့အနီး အနောမဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။. . .

## ၂၀။ "တိဿ" မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

တိ { လောကဂ္ဂံ မဟာတေဇံ၊ တိလကံဝ သုပါကဋံ။
သံ မမှရာဇံ ဝန္ဒေ သော ဒေတု ဇိနေသဇယံ။

သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက် ဘုရားတစ်ဆူပွင့်သော သာရကမ္ဘာသည် ကုန်ဆုံးပျက်စီးသွားသည်။ ဘုရားတစ်ဆူမျှမပွင့်သော ဘုရားရှင်တို့မှ ဆိတ်သုဉ်းသော သုညကမ္ဘာတခု ဖြစ်ပျက်လွန်မြောက်သွားပြီးနောက် ဤကမ္ဘာမှ ပြန်၍ရေတွက်သော်(၉၂)ကမ္ဘာမြောက်၌ တိဿ၊ ဖုဿ(တိ၊ဖု)ဘုရားနှစ်ဆူပွင့်တော်မူသော မဏ္ဍကမ္ဘာဖြစ်ပေါ်လာသည်။ ထိုကပ်ကမ္ဘာရှိ လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းမှ

တစ်ရွှေ့ရွှေ့ဆုတ်ခဲ့ရာ အနှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်းသို့ရောက်သောအခါ တိဿ မြတ်စွာဘုရား အလောင်းလျာသည် ကျင့်ပွားပါရမီ ပြည့်စုံညီသဖြင့် တုသိတာနတ်ပြည်မှ လူ့ပြည် လောကသို့ သက်ဆင်းတော်မူခဲ့သည်။ ခေမကမြို့တော် ဇနသန္ဓမင်းကြီး၏ အဂ္ဂမဟေသီ ပဒုမာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်မှ အနောမဥယျာဉ်တော်တွင်း၌ တိဿမင်းသားကို ဖွားမြင်တော်မူသည်။ အလောင်းတော်မင်းသား အရွယ်ရောက်သောအခါ သုဘဒ္ဒဒေဝီမိဖုရား အမှူးပြုသော မောင်းမမိဿံများ ခြံရံကာ ဂုဟာသေလ၊ နာရိသယ၊ နိသဘဟူသော ရွှေနန်းသုံးဆောင်တို့၌ သားတော်နန္ဒမင်းသား ဖွားသည့်တိုင်အောင် နှစ်ပေါင်း(၇၀၀၀) ကာလပတ်လုံး လူ့မင်းစည်းစိမ်ကို ခံစားတော်မူသည်။

ထီးနန်းစည်းစိမ်ကို ခံစားနေတော်မူစဉ် နိမိတ်ကြီးလေးပါးကို မြင်တွေ့ရသဖြင့် ထိတ်လန့်မှု သံဝေဂပွားကာ အာဇာနည်မြင်းယာဉ်စီး၍ တောထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာ အကျင့်ကို(၈) လကြာ ကျင့်ပွားများတော်မူ၍ အသနရုက္ခဗောဓိ-ပိတောက်ပင်ဗောဓိကို အမှီပြု၍ကာ သဗ္ဗညုတဉာဏ်တော်ကို ရလျှင် သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသည်။

တိဿဘုရားရှင်လက်ထက်တွင် ဂေါတမဗုဒ္ဓအလောင်းလျာသည် သုဇာတမည်သော မင်းဖြစ်၍ နောင်အခါ ရသေ့ဝတ်ကာ ဈာန်အဘိညာဉ်ရ၍ ဘုရားရှင်ထံမှနိယတဗျာဒိတ် ပန်ဆင်ခဲ့သည်

အဂ္ဂသာဝကကြီး ယာ+ဝဲ(၂)ပါး- အရှင်ဗြဟ္မဒေဝထေရ်၊ အရှင်ဥဒယ ထေရ်တို့တည်း။

အနီးကပ်ပြုစုလုပ်ကျွေးသောရဟန်းကား-
အရှင်သုမင်္ဂလထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ(၂)ပါး-
အရှင်မ ဖုသာထေရီ၊ အရှင်မ သုဒတ္တာ ထေရီ
တို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦးကား-သမ္ဗလသူဌေး၊
သီရိမာသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦးကား-ကိသဂေါတမီ
ဥပသိကာမ၊ ဥပသေနာ ဥပါသိကာမတို့တည်း။

တိဿဘုရားရှင် အရပ်တော်(ညာဏ်တော်)
မှာ အတောင်(၆၀)မြင့်သည်၊ ရောင်ခြည်တော်ကား
တစ်ယူဇနာအရပ်ပျံ့နှံ့ကွန့်မြူးသည်၊

ဤသို့လျှင် တိဿဘုရားမြတ်စွာသည်
ပြုသင့်ပြုထိုက်သော ဗုဒ္ဓကိစ္စငါးပါးတို့ကို
ပြုဆောင်ရွက်ပြီး သက်တော်(၈၀,၀၀၀)

ရှစ်သောင်းရှိသောအခါ သုနန္ဒဝတီ မြို့အနီး သုနန္ဒာရာမ ဥယျာဉ်အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်ဝင်စံ ဇာတ်သိမ်းတော်မူပါသတည်း။. . .



## ၂၁။ ဖုဿ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဖု { လွှပုပ္ပ ဿောဘတ္တံ ဖုလ္လေတ္တံ ဇနပက်ဖံ၊
သံ အသမသမံ ဝန္ဒေ၊ သော မေ ဒေတု ဇိနောဇယံ၊

တိဿမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက်၌ ဖြစ်ပျက်မှု သဘာဝအတိုင်း လူတို့၏သက်တမ်း နှစ်(၁၀၀,၀၀၀) တစ်သိန်းတမ်းမှ တရွေ့ရွေ့ရှုပ်လျော့ကာ (၁၀)နှစ်တမ်းသို့လည်းကောင်း၊ တဖန်(၁၀)နှစ်တမ်းမှ၊ ပြန်တက်လာရာ အသင်္ချေယျတမ်းသို့လည်းကောင်း၊ နောက်ထပ်တဖန် အသင်္ချေယျတမ်းမှ တရွေ့ရွေ့ယုတ်လျော့လာရာ လူတို့သက်တမ်း အနှစ်(၉၀,၀၀၀) ကိုးသောင်းတမ်းသို့ ရောက်သော



(၈)သံဝေဇနီယ(၄)ဌာန (အိန္ဒိယနိုင်ငံ)
ဖွားပွင့် -ဟောစံကျွဲလေးတန်ကို သိရန်မှတ်ကြ မြတ်ဗုဒ္ဓ၊ ဌာနအထူး သွားရောက်ဖူး

အခါ ဖုဿဘုရားလောင်းသည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့ဆင်းတက်တော်မူခဲ့ပါသည်။

အလောင်းတော်မြတ်သည် လူ့ပြည်တွင် ကာသိကမြို့တော် ဇယသေနမင်းကြီး၏ အဂ္ဂမဟေသီ သိရိမာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေနေ၍ ဆယ်လပြည့်လျှင် သိရိမာမည်သော ဥယျာဉ်တော်၌ ဖွားမြင်တော်မူပါသည်။ နာမကရနမင်္ဂလာပြုသောနေ့၌ ဖုဿမင်းသားဟုမှည့်ခေါ်ကြသည်။

ဖုဿမင်းသားအရွယ်ရောက်လျှင် ကိသဂေါတမီဒေဝီမိဖုရား အမှူးပြုသော မောင်းမမိဿံပေါင်းခြောက်သောင်းခွဲရံလျက် ဂရုဠပက္ခ၊ဟံသ၊သုဝဏ္ဏဘာရနန်းမသုံးဆောင်တို့၌ ဥတုသုံးလီ မျှညီစံကာ အနုပမသားတော်ဖွားသည့်တိုင်အောင်

နှစ်ပေါင်း(၉၀,၀၀၀)ကိုးသောင်းကာလပတ်လုံး ထိးနန်းစည်းစိမ်ကိုခံစားစံစားတော်မူသည်။

နိမိတ်ကြီးလေးပါးကိုရှုမြင်ရသောအခါ သံဝေဂထင်လာ၍ အာဇာနည်မြင်းယာဉ်စီးကာ တောထွက်ခဲ့သည်။ တောထွက်လျှင် အတူလိုက်ပါလာသော ရဟန်းပေါင်းခြိမ့်လျက် (၆)လ ဒုက္ကရစရိယာ အကျင့်ကိုကျင့်ပြီး၍ အာမလကရုက္ခ-သျှိသျှာဗောဓိပင် ကိုအမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဘုရား စစ်စစ်ဖြစ်တော်မူသည်။

ဖုဿဘုရားပွင့်စဉ်အခါ ဂေါတမဗုဒ္ဓ ဂေါတမ အလောင်းလျာသည် ဝိဇိတာဝီ မည်သောမင်းဖြစ်၍ မင်းစည်းစိမ်ကိုစွန့်ပယ်ကာ ရဟန်းပြုပြီး ပိဋကတ်သုံးပုံကို သင်ယူတတ်မြောက် လျှင် လူအများအား တရားဟောကြားသော

မမ္မကထိက ရဟန်းဖြစ်နေသည်၊ ဖုဿဘုရားရှင်က ထိုရဟန်းအား နိယတဗျာဒိတ်ပေးတော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ(၂)ပါး- အရှင်သုရက္ခိတထေရ်၊ အရှင်ဓမ္မသေန ထေရ် တို့တည်း။

အနီးနေလုပ်ကျွေးပြုစုသောရဟန်းကား- အရှင်သဘိယထေရ်တည်း။


အဂ္ဂသာဝိကာမကြီး ယာ+ဝဲ(၂)ပါး- အရှင်မ စာလာထေရီ၊ အရှင်မ ဥပစာလာထေရီ တို့တည်း။

အဂ္ဂဒါယကာကြီး(၂)ဦး-ဓနဥ္စယသူဌေး၊ ဝိသာခါသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-ပဒုမာဥပါသိကာမ၊ နာဂါဥပါသိကာမတို့တည်း။

ဖုဿဘုရားရှင်၏ အရပ်တော်

(ဉာဏ်တော်)မှာ (၅၈) ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်၊ ရောင်ခြည်တော်ကား- တစ်ယူဇနာပျံ့နှံ့ကွန့်မြူးသည်။ ဤသို့လျှင် ဖုဿမြတ်စွာဘုရားသည် ဗုဒ္ဓကိစ္စငါးချက်ကို ပြီးပြည့်စုံအောင်ဆောင်ရွက်တော်မူပြီး သက်တော်(၇၂,၀၀၀)ရှိသောအခါ ကုသိနာရာ ပြည်အနီး သေနာရာမဉယျာဉ် အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်ဝင်စံ တော်မူပါသည်။. . .



## ၂၂။ ဝိပဿီ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဝိ { ရုဒ္ဓနာသကံ နာထံ၊ ဝိဝဋ္ဋံ ဝရံ ဒဒံ။
ပဿိ မာရဇိ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

ဖုဿမြတ်စွာဘုရားပွင့်တော်မူပြီးနောက်တွင် တိဿ၊ဖုဿ ဘုရားနှစ်ဆူပွင့်သော မဏ္ဍကမ္ဘာ ကုန်ဆုံးပျက်စီးသွားသည်။ထိုနောက် ဘုရားမပွင့်သော ကမ္ဘာတစ်ခုမျှမခြားပဲ ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် (၉၁)မြောက်ကမ္ဘာသည် ဝိပဿီမြတ်စွာဘုရား (၁)ဆူသာပွင့်သောကြောင့် သာရကမ္ဘာမည်သည်။

ထို(၉၁)မြောက်ကပ်ကမ္ဘာတွင်လူတို့၏သက်တမ်းသည်

အသခေါ်ယျတမ်းမှ တရွေ့ရွေ့ဆုတ်ယုတ်လာရာ အနှစ်(၈၀,၀၀၀)တမ်းသို့ ရောက်သောအခါ ဝိပဿီဘုရားအလောင်းတော်မြတ်သည် (၁၀)ပါးပါရမီ စုံပြည့်ညီလာပြီဖြစ်၍ တုသိတာနတ်ပြည်မှ လူ့ပြည်လောကသို့ ဆင်းသက်ကြွလာပြီး ဗန္ဓုမတီမြို့တော် ဗန္ဓုမမင်းကြီး၏ ဗန္ဓုမတီဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ စွဲပိုက်ပဋိသန္ဓေနေတော်မူကာ သားကောင်တို့ဘေးမဲ့ပေးရာ ခေမ မည်သော မိဂဒါဝုန်တော၌ ဖွားမြင်တော်မူသည်။ ဖွားမြင်သောအခါ နတ်တို့၏မျက်စိကဲ့သို့ နေ့ရောညပါ ဘယ်ခါမျှမမှိတ်ပဲ အမြဲကြည့်နေတတ်သောကြောင့် ဝိပဿီမင်းသား ဟုမှည့်ခေါ်ကြသည်။

အလောင်းတော်မင်းသား အရွယ်ရောက်သောအခါ

သုတနုဒေဝီခေါ် သုဒဿနာဒေဝီမိ ဖုရားကြီး အမှူးပြုသော မောင်းမများခြံရံလျှက် နန္ဒ၊ သုနန္ဒ၊ သိရိမာ ရွှေနန်းသုံးဆောင်တို့၌ သားတော် သမဝဋ္ဋက္ခမင်းသားဖွားသည့်တိုင်အောင် နှစ်ပေါင်း (၈,၀၀၀)ရှစ်ထောင် ကာလပတ်လုံး နတ်မင်း စည်းစိမ်နှင့်တူသော လူမင်းစည်းစိမ်ကို ခံစားတော်မူသည်၊ ထိုအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးရှုမြင်ရလျှင် သံဝေဝင်ကာ အာဇာနည်မြင်းကသောယာဉ်စီးကာ တောထွက် တော်မူခဲ့သည်၊ တောထွက်စဉ်အခါ လိုက်ပါလာပြီး ရဟန်းပြုကြသော ရဟန်းပေါင်းခြံရံလျှက် ဒုက္ကရစရိယာအကျင့်ကို (၈) လကျင့်တော်မူ၍ ပါဋလိရုက္ခဗောဓိ-သခွတ်ပင်ဗောဓိကိုအမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရကာ သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ဝိပဿီဘုရားရှင်လက်ထက်တော်၌ ဂေါတမဗုဒ္ဓလောင်းလျာသည် အတုလနဂါးမင်းကြီးဖြစ်နေ၍ မိမိဘုံဗိမာန်သို့ ဘုရားရှင်ကိုပင့်ကာ အလှူကြီးပေးလျှင် ဘုရားရှင်က အနုမောဒနာပြုပြီးနောက် နိယတဗျာဒိတ်ပေးတော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- အရှင်ခဏ္ဍထေရ်၊ တိဿထေရ်တို့တည်း။

အနီးနေလုပ်ကျွေးပြုစုသောရဟန်းကား- အသောက ထေရ်တည်း။

အဂ္ဂသာဝိကာမကြီးယာ+ဝဲ(၂)ပါး-အရှင်မစန္ဒာထေရီ၊ အရှင်မ စန္ဒမိတ္တာထေရီတို့တည်း ။

အဂ္ဂဒါယကာကြီး (၂)ဦး- ပုနဗ္ဗသုမိတ္တသူဌေး၊ နာဂသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး(၂)ဦး-သိရိမာဥပါသိကာမ၊ ဥတ္တရာဥပါသိကာမတို့တည်း။

ဝိပဿီမြတ်စွာဘုရား အရပ်တော် (ညာဏ်တော်) မှာ အတောင်(၈၀)မြင့်၍၊ ရောင်ခြည်တော်ကား-(၇)ယူဇနာတိုင် ပျံ့နှံ့ ကွန့်မြူးသည်။

ဤသို့လျှင် ဝိပဿီဘုရားရှင်သည် ဗုဒ္ဓကိစ္စငါးရပ်ကို ပြုဆောင်ပြီးလျှင် သက်တော် (၆၀,၀၀၀)ခြောက်သောင်းရှိသောအခါ သုမိတ္တဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံ တော်မူပါသတည်း။. . .

## ၂၃၊ သိခိ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

သိ { နေဟံ သမ္ဗဝါပေဟဉ္စ သိဝဿုခ ဒဒံ ဇနံ၊
ခိ မဟာဇုတိ ဝန္ဒေ၊ သော မေ ဒေတု ဝိနော ဇယံ။

ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသည့် သာရကမ္ဘာ ကုန်ဆုံးပျက်စီးပြီးနောက်တွင် ဘုရားရှင်တို့ပွင့်ထွန်းခြင်းမှကင်းဆိတ်သော ဘုရားမပွင့်သော သုညကမ္ဘာပေါင်း (၅၉)ကမ္ဘာတို့ ကုန်ဆုံးပျက်စီးသွားသည်၊ ထိုမှနောက်တွင်၊ ဤကမ္ဘာမှပြန်၍ရေတွက်သော် (၃၁)ကမ္ဘာမြောက် ဖြစ်သော မဏ္ဍကမ္ဘာတစ်ခု၌ သိခီ၊ဝေဿဘူ (သိ၊ဝေ)ဘုရားနှစ်ဆူတို့ပွင့်တော်မူကြသည်။ ထိုနှစ်ဆူတွင် ရှေးဦးပွင့်သော သိခီဘုရားရှင်သည် လူတို့သက်တမ်း အသင်္ချေယျတမ်းမှ တရွေ့ရွေ့

ဆုတ်လာရာ အနှစ်(၇၀,၀၀၀)ခုနှစ်သောင်းတမ်းသို့ ရောက်သောအခါ (၁၀)ပါး ပါရမီစုံပြည့်ညီလာ၍ တုသိတာနတ်ပြည်မှ လူ့ပြည်သိုသက်ဆင်းခဲ့ပြီး အရုဏဝတီ မြို့တော်၌ အရုဏမင်းကြီး၏ အဂ္ဂမဟေသီ ပဘာဝတီဒေဝီ မိဖုရားကြီး၏ဝမ်းကြာတိုက်၌ သန္ဓေစွဲ၍ နိသဘ ဥယျာဉ်တော်တွင်း၌အမိဝမ်းမှဖွားမြင်တော်မူသည်။ နာမည်မှည့်သောနေ့တွင် အလောင်းတော်မင်းသားသည် သင်းကျစ်သားသည် ဥဒေါင်း၏အမောက်ကဲ့သို့ မြင့်မောက်တက်နေသည်ကို အစွဲပြုကာ သိခီမင်းသားဟု မှည့်ခေါ်ကြသည်။

သိခီမင်းသားအရွယ်ရောက်သောအခါ သဗ္ဗကာမာဒေဝီမိဖုရားကြီ အမှူးပြုသော မောင်းမမိဿံများခြံရံလျှက် သုစန္ဒကသိရီ၊ ဂိရိယ၊ နာရိဝသဘ နန်းမသုံးဆောင်တို့၌

သားတော်အတုလမင်းသား ဖွားမြင်သည့် တိုင်အောင် နှစ်ပေါင်း(၇၀၀၀)ခုနှစ်ထောင် ကာလပတ်လုံး ရွှေနန်းစည်းစိမ်ကိုခံစားစဉ် နိမိတ်ကြီးလေးပါးကိုရှု့မြင်ရ၍ ထိတ်လန့်မှု့ သံဝေဂဖြစ်ကာ ဆင်ရတနာယာဉ်စီးပြီး တောထွက်တော်မူသည်။ ဒုက္ကရစရိယာ အကျင့်မြတ်ကို (၈)လကျင့်၍ ပုဏ္ဏာရိကရက္ခဗောဓိ-သရက်ဖြူပင်ဗောဓိကိုအမှီပြုကာ သဗ္ဗညုတ ဉာဏ်တော် ကိုရပြီး သမ္မာသဗုဒ္ဓဘုရား ဖြစ်တော်မူသည်။

သိခီဘုရားရှင်လက်ထက်တော်အခါ၌ ဂေါတမဗုဒ္ဓလောင်းလျာသည် အရိန္ဒမ မည်သောမင်းကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်၍ ကြီးစွာသော အလှူကြီးကိုလှူဒါန်းစဉ် နိယတဗျာဒိတ်ပန်းကို ပန်ဆင်ရလေသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး-အရှင်အဘိဘူထေရ်၊ အရှင်သမ္ဘသထေရ်တို့တည်း။ အနီးနေပြုစုလုပ်ကျွေးသောရဟန်းကား-အရှင်ခေမင်္ကရထေရ်တည်း။


အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး-အရှင်မ သခိလာထေရီ၊ အရှင်မ ပဒုမာထေရီတို့တည်း။

အဂ္ဂဒါယကာကြီး (၂)ဦး-သိရိဝဍ္ဎနသူဌေး၊ နန္ဒသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး (၂)ဦး-စိတ္တာဥပါသိကာမ၊ သုဂုတ္တာဥပါသိကာမတို့တည်း။

သိခီမြတ်စွာဘုရား၏ အရပ်တော် (ညာဏ်တော်) မှာ အတောင်(၇၀)မြင့်၍ ကိုယ်တော်မှထွက်သောရောင်ခြည်တော်ကား-သုံးယူဇနာတိုင်တိုင်ပျံ့၏။ သိခီမြတ်စွာဘုရားသည်

ဗုဒ္ဓကိစ္စငါးပါးတို့ကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီး၍ သက်တော်(၅၆,၀၀၀) ငါးသောင်းခြောက်ထောင်ရှိသောအခါ သီလဝတီမြို့အနီးရှိ အဿမ မည်သော ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။ တခဲနက်သော အသမ္ဘိန္နဓာတ်တော်များကို စေတီတည်၍ လူတို့ကိုးကွယ်ကြသတည်း။ . . .



## ၂၄။ ဝေဿဘူ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဝေ { ဖုလ္လ မဟတ္တံ ပတ္တံ၊ ဝေရဘဂ္ဂ ပဘက်ရုံ။
သဘုံ သယမ္ဘူ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

သိခီမြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူပြီး၍ သာသနာကွယ်ပပြီးနောက် ဤမဏ္ဍကပ်ကမ္ဘာ၌ ပင်လျှင် လူတို့၏သက်တမ်း (၇၀,၀၀၀) ခုနှစ်သောင်းတမ်းမှ (၁၀)နှစ်အထိ ဆုတ်ယုတ်လာသည်၊ ထို(၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းထိ တရွေ့ရွေ့တက်သွားပြန်သည်၊ ထိုအသင်္ချေယျတမ်းမှ တရွေ့ရွေ့ဆုတ်ယုတ်လာပြန်ရာ အနှစ်(၆၀,၀၀၀) ခြောက်သောင်းတမ်းသို့ရောက်သောအခါ ဝေဿဘူဘုရားအလောင်းတော်သည် ပါရမီတရား

ကျင့်ပွားပြီးမြောက်၍ တုသိတာနတ်ပြည်မှ လူ့ပြည်သို့ ဘုရားဖြစ်ရန် ဆင်းသက်ခဲ့သည်။ အနောမမြို့တော် သုပ္ပတိတ မင်းကြီး၏ အကျင့်သီလ နှင့်ပြည့်စုံသော ယသဒေဝီ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ သန္ဓေစွဲ၍ အနူပမဥယျာဉ်တော် တွင်း၌ ဖွားမြင်တော်မူသည်။

အလောင်းတော်ဖွားမြင်စအခါတွင် "အဂ္ဂေါဟသ္မိ လောကဿ"စသော စကားကြီး သုံးခွန်းကိုဆိုတော်မူခြင်းကို အကြောင်းပြု၍ ဝေဿဘူမင်းသားဟုဆွေမျိုးများကမှည့်ခေါ်ကြသည်။ အလောင်းတော်မင်းသားအရွယ်ရောက်သောအခါ သုစိတ္တာဒေဝီအမှူးပြုသော မောင်းမမိဿံများ ခြံရံလျက် ရုစိ၊သုရုစိ၊ရတိဝဍ္ဎန နန်းမသုံးဆောင်တို့၌ ဆောင်း၊နွေ၊မိုး ဥတုသုံးလီမျှစွာစံကာ သားတော်သုပ္ပဗုဒ္ဓ မင်းသားဖွားမြင်သည့်

တိုင်အောင် အနှစ်(၆၀၀၀)ခြောက်ထောင်ကာလပတ်လုံး ရွှေနန်းစည်းစိမ်ချမ်းသာကို ခံစားစံစားတော်မူသည်။

ထိုသို့ခံစားစံစားနေတော်မူစဉ် ဉယျာဉ်ကစားထွက်တော်မူရာမှ နိမိတ်ကြီးလေးပါးကို ရှုမြင်ရလျှင် ထိတ်လန့်မှုသံဝေဂထင်ကာ ရွှေထမ်းစဉ်(ဝေါယဉ်)စီးကာ တောထွက်လာပြီး ဒုက္ကရစရိယာ အကျင့်ကို (၆) လကြာကျင့်ပွား၍ သာလရုက္ခဗောဓိ-အင်ကြွင်းပင်ဗောဓိ၌ အမိုပြုကာ သဗ္ဗညုတဉာဏ်တော်ကို ရလျှင် သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဖြစ်တော်မူသည်။

ဝေဿဘူမြတ်စွာဘုရားလက်ထက်တော်အခါ၌ ဂေါတမဗုဒ္ဓလောင်းလျာသည် သုဒဿနမည်သောမင်းဖြစ်၍ အလှူကြီးပေးလှူပြီးနောက် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုတော်မူသည်

အနုမောဒနာပြုစဉ် မြတ်ဘုရားက ဤရဟန်းသည် နောက်(၃၁)ကမ္ဘာထက်၌ ဂေါတမဗုဒ္ဓ ဘုရားဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ် မိန့်ကြားတော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့တည်း။

အနီးနေပြုစုလုပ်ကျွေးသောရဟန်းကား- အရှင်ဥပသန္တ ထေရ်တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး- အရှင်မ ရာမာထေရီ၊ အရှင်မ သမာလာထေရီ တို့တည်း။

အဂ္ဂဒါယကာကြီး (၂)ဦး-သောတ္ထိကသူဌေး၊ ရမ္ဘာသူဌေးတို့တည်း။

အဂ္ဂဒါယိကာမကြီး (၂)ဦး-ဂေါတမီဥပါသိကာမ၊ သိရိမာဥပါသိကာတို့တည်း။

ဝေဿဘူဘုရားရှင်၏အရပ်တော်(ဉာဏ်တော်)မှာ အတောင်(၆၀)ရှိ၍၊ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ကား-သုံးယူဇနာပျံ့နှံ့ကွန့်မြူး၏။ ဤသို့လျှင် - ဝေဿဘူ ဘုရားရှင် သည် ဗုဒ္ဓကိစ္စငါးပါးတို့ကို ကျင့်ပွားဆောင်ရွက်ပြီးနောက် သက်တော် (၄၈,၀၀၀)လေးသောင်းရှစ်ထောင်သို့ ရောက်သောအခါ ဥသဘဝတီမြို့တော်အနီး ခေမဥယျာဉ်တော်ကြီးအတွင်း၌ ပရိနိဗ္ဗာန်ဝင်စံ ဇာတ်သိမ်းတော်မူပါသတည်း။. . . .



## ၂၅။ ကကုသန် မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

က { ဣန္ဒာရတော ဥတ္တရာရေဇ္ဇိ ကခ်ဈွေဒါယ ဒေသကံ။
ကုသန္ဓ မမွောဘာသံ၊ ဝန္ဒေ သော ဒေတု မေ ဇယံ။

ဝေဿဘူ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်တွင် သိခီ,ဝေဿဘူ-ဘုရားနှစ်ဆူပွင့်တော်မူရာ မဏ္ဍကမ္ဘာကြီး ကုန်ဆုံးပျက်စီးသွားလေသည်။ ထိုနောက်တွင် ဘုရားပွင့်တော်မူခြင်းမှ ဆိတ်သုန်းသော ဘုရားပွင့်ခြင်းမရှိသော သုညကမ္ဘာပေါင်း (၂၉) နှစ်ဆယ်ကိုး ခုဖြစ်သည်၊ ထိုသုညကပ် ကမ္ဘာပေါင်း (၂၉) ခုဖြစ်ပေါ်ပြီး အသီးသီးကုန်ဆုံး ပျက်စီးပြီးနောက်တွင် ဖြစ်ပေါ်လာသောကမ္ဘာကား-(က,ကော,က, ဂေါ,မေ) ကကုသန်၊ ကောဏာဂုံ၊



(ဃ) တန်ခိုးကြီးဘုရား - ဘုရား (၃) ဆူ (မြန်မာနိုင်ငံ)

မန်းမြို့ - မုနိ၊ တည်ရှိ - ရန်ကုန်၊ ရွှေတိဂုံဆို၊

ကျိုက်ထို - ထီးရိုး၊ မြတ်နိုးသုံးဆူ ဖူးမြင်သူ၊ ဆုယူပြည့်ဝ ချမ်းသာလှ။

ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ-ဘုရားငါးဆူ ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာကြီးဖြစ်သည်။

လူတို့၏ သက်တမ်းသည် အသင်္ချေယျတမ်းမှ တရွေ့ရွေ့ဆုတ်ယုတ်လျော့လာရာ အနှစ် (၄၀,၀၀၀) လေးသောင်းတမ်းသို့ရောက် သောအခါ ဘုရားငါးဆူတို့တွင် ရှေးဦးစွာဖြစ်သော ကကုသန် မြတ်ဘုရားအလောင်းတော်သည် (၁၀) ပါး ပါရမီပြည့်စုံညီဖြစ်သောကြောင့် တုသိတာ နတ်နန်းမှ လူ့ပြည်သို့ကြွမြန်းတော်မူပြီး ခေမဝတီ နေပြည်တော်တွင် ခေမကာရမင်းကြီး၏ ကြောင်းကျိုးပြသဆုံးမတတ်သော ပုရောဟိတ် မင်းဆရာဖြစ်သော အဂ္ဂဒတ္တပုဏ္ဏားကြီး၏ ဇနီး ဝိသာခါပုဏ္ဏေးမ၏ဝမ်းကြာတိုက်၌ သန္ဓေယူကာ ခေမဝတီဉယျာဉ်တော်အတွင်း၌ ဖွား မြင်တော်မူ ခဲ့သည်။ ကကုသန္ဓကုမာရ ကကုသန်သတိုးသား ဟုနာမည်မှည့်ခေါ်ကြသည်။

အလောင်းတော် ကကုသန်ပုဏ္ဏားလုလင် အရွယ်ရောက်လျှင် ရောစိနီပုဏ္ဏေမအမှူးပြုသော မောင်းမပေါင်းများစွာခြံရံလျက် ကာမ ပြာသာဒ်၊ ကာမဝဏ္ဏပြာသာဒ်၊ ကာမသုဒ္ဓိပြာသာဒ်- သုံးဆောင်တို့၌ ဥတုသုံးလီမျှညီစွာ သားတော် ဥတ္တရဖွားမြင်သည့်တိုင်အောင် နှစ်ပေါင်း (၄၀,၀၀၀) ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော လူစည်းစိမ်ချမ်းသာကို ခံစားစံစားတော်မူသည်။

ထိုသို့ လူစည်းစိမ်ချမ်းသာခံစားနေစဉ် နိမိတ်ကြီးလေးပါးကို ရှုမြင်ရ၍ ထိပ်လန့်ကာ အာဇာနည်မြင်းကသော ရထားယာဉ်စီးကာ တောထွက်ခဲ့သည်။ ဒုက္ကရစရိယာ အကျင့်ကို (၈) လ ကြာကျင့်တော်မူ၍ မဟာသိရိသရုက္ခဗောဓိ- ကုက္ကိုပင်ဗောဓိကိုအမှီပြုနေစဉ် သဗ္ဗညုတ ညာဏ်တော်ကိုရပြီး သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသည်။

ဂေါတမဗုဒ္ဓဘုရားအလောင်းလျာသည် ဤဘုရားရှင် လက်ထက်တော်အခါ၌ ခေမမည်သော မင်းဖြစ်၍ အလှူကြီးလှူပွဲ၌ နိယတဗျာဒိတ်ကိုရရှိခဲ့သည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး အရှင်ဝိဓူရထေရ်၊ အရှင်သဥ္စိဝ ထေရ်-တို့တည်း။

အနီးနေပြုစုလုပ်ကျွေးသောရဟန်း- အရှင်ဗုဒ္ဓိဇထေရ်တည်း။ အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂)ပါး- အရှင်မ သာမာထေရီ၊ အရှင်မ စမ္ပာထေရီ-တို့တည်း။ အဂ္ဂဒါယကာကြီး (၂)ဦး- အစ္စုတသူဌေး၊ သုမနသူဌေး-တို့တည်း။

အဂ္ဂဒါယိကာမကြီး (၂)ဦး- နန္ဒာဉပါသိကာမ ၊ သုနန္ဒာဉပါသိကာမ-တို့တည်း။

ကကုသန်မြတ်စွာဘုရား၏ အရပ် (ဉာဏ်) တော်မှာ- အတောင် (၄၀) မြင့်၍၊

ရောင်ခြည်တော်ကား (၁၀) ယူဇနာအထိ ပျံ့နှံ့ကွန့်မြူးသည်။

ကကုသန်ဘုရားရှင်သည် ဗုဒ္ဓကိစ္စအားလုံး ပြည့်တော်မူပြီး၍ သက်တော် (၃၂,၀၀၀) ရှိသောအခါ ခေမဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံ တော်မူပါသတည်း။. . .



## ၂၆။ ကောဏာဂုံ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ကော { ဝိဒံ သိဝ သမ္ဘာပေ၊ ပရဝါဒေ ပမဒ္ဒနံ။
ဏာဂမနံ ဝန္ဒေ ဟံ၊ သော မေ ဒေတု ဇိနော ဇယံ။

ကကုသန်မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ဤဘဒ္ဒကမ္ဘာမှာပင် ထိုကကုသန်ဘုရားလက်ထက်တော်ရှိ လူတို့သက်တမ်း အနှစ် (၄၀၀၀) မှ တရွေ့ရွေ့ဖြင့်ဆုတ်ခဲ့ရာ (၁၀) နှစ်တမ်းရောက်သည်၊ ထို (၁၀) နှစ်တမ်းမှတဖန် တရွေ့ရွေ့ပြန်တက်လာရာ အသင်္ချေယျတမ်းသို့ရောက်ပြီး၊ နောက်တဖန် တရွေ့ရွေ့ ဆုတ်ယုတ်လျော့လာရာ လူတို့သက်တမ်း နှစ် (၃၀,၀၀၀) တမ်းသို့ရောက်သောအခါ ကောဏာဂုံ (ကောဏာဂုမ်)

ဘုရားအလောင်းတော်သည် (၁၀)ပါး ပါရမီစုံပြည့်ညီသဖြင့် တုသိတာနတ်ပြည်မှ လူ့ပြည်လောကသို့ သတ္တဝါအများအား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ရန် အတွက် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ရန်သက်ဆင်းကြွလာခဲ့သည်။ အလောင်းတော်သည် သောဘဝတီပြည်တွင် ယညဒတ္တပုဏ္ဏားကြီး၏ဇနီး ဥတ္တရာပုဏ္ဏေးမကြီး၏ ဝမ်းကြာတိုက်၌ သန္ဓေစွဲကာ (၁၀) လပြည့် သောအခါ သုဘဝတီဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူသည်။ အလောင်းတော် ဖွားမြင်စဉ်အခါ အထက်ကောင်းကင်မှ ရတနာရွှေမိုးရွာ သွန်းဖြိုးမှုအစွဲပြုကာ ကောဏာဂမနကုမာရ ကောဏာဂုမ်သတိုးသားဟု ပညာရှိများကမှည့်ခေါ်စေသည်။ နာမကရဏာမင်္ဂလာပြုကြသည်။

အလောင်းတော်အရွယ်ရောက်သောအခါ ရုစိဂတ္တာပုဏ္ဏားမအမှူးပြုကာ ရံရွေတော်ပုဏ္ဏားမ များစွာခြံရံလျက်-တုသိတ၊ သန္တုသိတ၊ သန္တုဋ္ဌ-မည်သော ပြာသာဒ်သုံးဆောင်တို့၌ ဆောင်းနွေမိုး ဥတုသုံးလီ မျှညီစုံပျော်ကာ သတ္တဝါဟာသားတော် ဖွားမြင်သည်တိုင်အောင် နှစ်ပေါင်း (၃၀၀၀) သုံးထောင်ကာလပတ်လုံး လူစည်းစိမ်ချမ်းသာကို ခံစားစံစားလေသည်။ ထိုသို့ နေ့စဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း-နိမိတ်ကြီးလေးပါးကို ရှုမြင်ရလျှင် ထိပ်လန့်မှု့သံဝေဂဝင်ကာ ဆင်ယဉ်စီးကာ တောထွက်တော်မူသည်။ တောထွက်ပြီး (၆) လကြာမျှ ဒုက္ကရစရိယာအကျင့်ကိုကျင့်၍ ဥရုမ္ဗရရုက္ခဗောဓိ- ရေသဖန်းပင်ဗောဓိကို အမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော်မူသည်။

ထိုအခါ ဂေါတမဗုဒ္ဓလောင်းလျာသည် ပဗ္ဗတမည်သော မင်းကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာများအားကြီးစွာသောအလှူပွဲကြီး ပြုလှူစဉ် ဘုရားရှင်က နိယတဗျာဒိတ်ပေးတော်မူသည်။ အဂ္ဂသာဝကကြီး ယာ+ဝဲ (၂) ပါး- အရှင်ဘိယျသထေရ်၊ အရှင်ဥတ္တရထေရ် တို့တည်း၊ အနီးနေပြုစုလုပ်ကျွေးသောရဟန်းကား- အရှင်သောတ္ထိဇထေရ်တည်း၊ အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂) ပါး- အရှင်မ သမုဒ္ဒါထေရီ၊ အရှင်မ ဥတ္တရာထေရီ-တို့တည်း၊ အဂ္ဂဒါယကာကြီး (၂) ဦး- ဥဂ္ဂသူဌေး၊ သောမဒေဝသူဌေး-တို့တည်း၊ အဂ္ဂဒါယိကာမကြီး (၂) ဦး- သီဝလာ ဥပါသိကာမ၊ သာမာဥပါသိကာမ-တို့တည်း၊ ကောဏာဂုမ် ဘုရား၏ အရပ်တော် (ဉာဏ်တော်) မှာ အတောင် (၃၀) မြင့်သည်၊ ကိုယ်တော်မှ ထွက်သော

ရောင်ခြည်တော်မှာ (၃) ယူဇနာ ပျံ့နှံ့ကွန့်မြူးသည်၊ ကောဏာဂုမ် မြတ်ဘုရားသည် ဗုဒ္ဓကိစ္စငါးပါးတို့ကို ပြုဆောင်ပြီးနောက် သက်တော် (၂၄,၀၀၀) နှစ်ရှိသောအခါ ပဗ္ဗတဥယျာဉ်တော် ကြီးအတွင်း၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပါသတည်း။



## ၂၇။ ကဿပ-မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

က { ပွ ရုက္ခော၀ ကောသေန္တ၊ ကဝိသေဌ် အနူပမံ။
သဿပံ ဝရဒံ ဝန္ဒေ၊ သော မေ ဒေတု ဇိနော ဇယံ။

ကောဏာဂုမ်မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကောဏာဂုမ်ဘုရားလက်ထက်တော်ရှိ လူတို့ သက်တမ်း အနှစ် (၃၀,၀၀၀) မှ (၁၀) နှစ်တမ်းအထိ ဆုတ်ယုတ်ခဲ့သည်၊ (၁၀)နှစ်တမ်းမှ၊ အသင်္ချေယျတမ်းအထိ တက်ကပ်မှာတက်လာခဲ့ သည်၊ တဖန် ထိုအသင်္ချေယျတမ်းမှ တရွေ့ရွေ့ဆုတ်ယုတ်လျော့လာရာ လူတို့အသက် (၂၀,၀၀၀) တမ်းရောက်သောအခါ ကဿပဘုရား လောင်းလျာနတ်သားသည် တုသိတနတ်ပြည်မှ

ဘုရားဖြစ်ရန်လူပြည်လောကဆင်းသက်ကြွလာပြီး ကိကီမင်းကြီးစိုးစံရာ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ္တပုဏ္ဏားကြီး၏ ဇနီး ဓနဝတီမည်သော ပုဏ္ဏေးမဝမ်းကြာတိုက်၌ စွဲပိုက်နေကာ (၁၀) လပြည့်လျှင် ဣသိပတနမည် သော မိဂဒါဝုန်တော၌ မီးရှူးသန့်စင် ဖွားမြင် တော်မူခဲ့သည်၊ ကဿပ အမျိုးအနွယ်မှဆင်း သက်လာ၍ ကဿပသတိုးသား ကဿပလုလင် ဟုမှည့်ခေါ်ကြ၏။

အလောင်းတော် ကဿပသတိုးသား အရွယ်ရောက်သောအခါ- သုနန္ဒပုဏ္ဏေးမ အမှူးရှိသော အခြွေအရံများစွာဖြင့်- ဟံသ၊ ယသ၊ သိရိနန္ဒ- ပြသာဒ်သုံးဆောင်တို့၌ ဆောင်းနွေမိုး ဥတုသုံးလီ မျှညီပျော်စံကာ သားတော် ဝိဇိတသေနဖွားမြင်သည်တိုင်အောင် အနှစ်

(၂၀၀၀) နှစ်ထောင်ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော လူစည်းစိမ်ချမ်းသာကို ခံစားစံစားတော်မူသည်။ ထိုသို့လူစည်းစိမ်များကို ပျော်ရွှင်စွာခံစား နေစဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း-နိမိတ်ကြီးလေးပါးတို့ကို တွေ့မြင်ရကာ ထိပ်လန့်မှုသံဝေဂဖြစ်၍ စံနေတော်မူရာ စံနန်းပြသာဒ်ယာဉ်ဖြင့် တောထွက်ခဲ့သည်။ ဒုက္ကရစရိယာအကျင့်ကို (၇) မျှကာ၊ နိဗ္ဗာနဂရုကန္ဒဗောဓိ-ပညောင်ဗောဓိပင် အမှီပြု၍ သဗ္ဗညုတဉာဏ်ကို ရတော်မူလျှင် သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော်မူသည်။

ကဿပဘုရားလက်ထက်တော်တွင် ဂေါတမဗုဒ္ဓလောင်းလျာကား- ဇောတိပါလလုလင်ဖြစ်နေသည်၊ မိတ်ဆွေရင်း ဃဋိကာရနှင့်အတူ ကဿပဘုရားထံသို့သွားရောက်ပြီး

တရားနာယူရလျှင် ကြည်ညိုမှုသဒ္ဓါစိတ်ဝင်ကာ သာသနာဘောင်ရဟန်းပြုခဲ့ကြသည်၊ ပိဋကသုံးပုံ ကိုသင်ယူ၍ သာသနာဂုဏ်ရောင် ထွန်းပြောင် စေခဲ့သည်၊ ယဋ္ဌိကာရကား- စုတေသောအခါ ဖြဟ္မာပြည်ရောက်၍ ဗြဟ္မာကြီးဖြစ်နေသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- အရှင်တိဿထေရ်၊ အရှင်ဘာရဒွါဇထေရ်- တို့တည်း။

အနီးနေပြုစုလုပ်ကျွေးသောရဟန်းကား- အရှင်သဗ္ဗမိတ္တ တည်း။


အဂ္ဂသာဝိကာမကြီး ယာ +ဝဲ (၂)ပါး အရှင်မ အနုဠာထေရီ၊ အရှင်မ ဥရုဝေဠာထေရီ-တို့တည်း။

အဂ္ဂဒါယကာကြီး (၂)ဦး သုမင်္ဂလ ဥပါသကာ၊ ယဋ္ဌိကာရ ဥပါသကာ- တို့တည်း။

အဂ္ဂဒါယိကာမကြီး (၂)ဦး ဝိဇိတသေနာ

ဥပါသိကာမ၊ ဘဒ္ဒါ ဥပါသိကာမ-တို့တည်း။

ကဿပ ဘုရားရှင်၏ အရပ်တော် (ဘုရားရှင်အရပ်) အမြင့် အတောင် (၂၀) ရှိသည်၊ ကိုယ်တော်မှထွက်သောရောင်ခြည်တော်မှာ (၁) ယူဇနာပျံ့နှံ့၏ ကဿပမြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးပြီးနောက် သက်တော် (၁၆,၀၀၀) ရှိသောအခါ ကာသိတိုင်း သေတဗျမြို့အနီး သေတဗျပန်းဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းဓာတ်သိမ်းတော်မူခဲ့ပါသတည်း။



## ၂၈။ ဂေါတမ မြတ်စွာဘုရား

### ဘုရားရှိခိုး+ဆုတောင်းဂါထာ

ဂေါ { ဝ စကျွမ်ံ ကရောန္တံ ဂေါပကံ ဒုက္ခိတံ ဇနံ။
တမံ နာယကံ ဝန္ဒေ သော မေ ဒေတု ဇိနော ဇယံ။

ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက်တွင် ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ထိုကဿပဘုရားလက်ထက်ရှိ လူတို့သက်တမ်း အနှစ် (၂၀,၀၀၀) နှစ်သောင်းတမ်းမှ တရွေ့ရွေ့ဖြင့် (၁၀) နှစ်တမ်းသို့ရွေ့လျော့ခဲ့သည်၊ အသက် (၁၀) နှစ်တမ်းမှ တဖန်တရွေ့ရွေ့ပြန်တက်လာရာ အသင်္ချေယျတမ်းသို့ ရောက်သည်၊ အသင်္ချေယျတမ်းမှ တဖန်ပြန်ကာ လူတို့သက်တမ်း ဆုတ်ယုတ်လာရပြန်ရာ လူတို့အသက် (၁၀၀) နှစ်သက်တမ်းသို့ ရောက်သော အခါ ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား

သေတကေတု နတ်သားသည်၊ တုသိတာနတ်ပြည်၌ စံနေရာမှ ဘုရားဖြစ်ရန် လူ့ပြည်လောကသို့ ဆင်းသက် လာခဲ့သည်၊ ယခု နီပေါနိုင်ငံရှိ ကပိလဝတ်မြို့တော်တွင် သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ မဟာမာယာဒေဝီမိဘုရား၏ ဝမ်းကြာတိုက်၌ သန္ဓေစွဲပိုက်၍ မဟာသက္ကရာဇ် (၆၈) ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ နာမကရဏမင်္ဂလာ ပြုသောအခါ လောက၏ကောင်းကျိုးစီးပွား ပြီးစီးအောင်မြင်အောင် ရွက်ဆောင်တော်မူ လိမ့်မည်ဟု နိမိတ်သိမြင် ပညာရှင်တို့က သိဒ္ဓတ္ထမင်းသားဟု မှည့်ခေါ်ကြသည်။

သိဒ္ဓတ္ထမင်းသားအရွယ်ရောက်သောအခါ ယသော်ဓရာဒေဝီ မိဘုရားအမှူးရှိသော မောင်းမ မိဿံ မင်းသမီးများခြံရံလျက် ရမ္မ၊ သုရမ္မ၊ သုဘ-

နန်းမသုံးဆောင်တို့၌ ဆောင်းနွေမိုး ဥတုသုံးလီ မျှညီပျော်စံကာ သားတော် ရာဟုလာ ဖွားမြင်သည်တိုင်အောင် နှစ်ပေါင်း (၂၉) နှစ် ထီးနန်းစည်းစိမ်ကို ခံစားစံစားသည်။ ထိုသို့ ရွှေနန်းစည်းစိမ်ကို ခံစားနေစဉ် ဥယျာဉ်တော် ထွက်ရာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း- နိမိတ်ကြီးလေးပါးတို့ကို ရှုမြင်ရလျှင် သံဝေဝင်ကာ ကဏ္ဍကမည်သော မြင်းယာဉ်စီးကာ တောထွက်တော်မူပြီး ဒုက္ကရစရိယာအကျင့်မြတ် (၆) နှစ်တိုင်တိုင် ကျင့်တော်မူ၍ အဿတ္ထရုက္ခဗောဓိ- ညောင်ပုဒ္ဓဟေ ဗောဓိပင်ကို အမှီပြုကာ မဟာသက္ကရာဇ် (၁၀၃) နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဉာဏ်တော်ကို ရ၍ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်တော်မူသည်။

အဂ္ဂသာဝကကြီး ယာ+ဝဲ (၂)ပါး- ဥပတိဿ(ခ)
အရှင်သာရိပုတ္တရာထေရ်၊ ကောလိတ(ခ)
အရှင်မောဂ္ဂလာန်ထေရ်-တို့တည်း။

အနီးကပ်ပြုစုလုပ်ကျွေးသောရဟန်းကား-
အရှင်အာနန္ဒာထေရ်-တည်း။

အဂ္ဂသာဝိကာမကြီး ယာ+ဝဲ (၂) ပါး- အရှင်မ
ခေမာထေရီ၊ အရှင်မ ဥပ္ပလဝဏ္ဏာထေရီ-တို့တည်း။


အဂ္ဂဒါယကာကြီး (၂) ဦး - စိတ္တသူကြွယ်၊
ဟတ္ထာဠဝကမင်းသား-တို့တည်း။

အဂ္ဂဒါယိကာမကြီး (၂)ဦး- နန္ဒမာတာ
ဥပါသိကာမ၊ ဥတ္တရာ ဥပါသိကာမ-တို့တည်း။

ဂေါတမမြတ်စွာဘုရား၏ အရပ်တော်
(ညဏ်တော်) မှာ (၁၈) တောင်မြင့်သည်။
ကိုယ်တော်မှထွက်သောရောင်ခြည်တော်မှာ ယူဇနာ
(၄၀၀၀) ပျံ့နှံ့ကွန့်မြူးသည်၊ ရှင်တော်မြတ်ဘုရား

ဂေါတမသည် ဘုရားဖြစ်သည်မှစ၍ သတ္တဝါ ဝေနေယျတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူခြင်း ဗုဒ္ဓကိစ္စပြုပြီးသောအခါ သက်တော် (၈၀) ဝါတော် (၄၅) ဝါအရ မဟာ သက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၊ နံနက်အချိန်တွင် ကုသိနာရုံပြည်အနီး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။ ပရိနိဗ္ဗာန်စံလျှင် ဓာတ်တော်များကြွင်းကျန်၍ နတ်လူအများ စေတီပုထိုးတည်ကာ ကိုးကွယ်နေကြပါသတည်း။

• • •



## အရှင်ကောဝိဒမဇ ၏ ပုံနှိပ်ထုတ်ပြီး ကျမ်းစာအုပ်များ

၁။ သဒ္ဒမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်
(၁၃၄၀. ခု၊ ပထမကြိမ်)
၂။ ရတနာ့မွန် ယဉ်ကျေးမှု ကဗျာပေါင်းချုပ်
(၁၃၄၇. ခု၊ ပထမကြိမ်)
၃။ ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်၏-
ထေရုပ္ပတ္တိကထာ
(ဘားအံ့မြို့ ကရင်ပြည်နယ်၊ ၁၃၄၆. ခု)
၄။ ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်၏-
ထေရုပ္ပတ္တိကထာ (မြေမွန်ရွာ ရွှေဘို၊ ၁၃၄၇. ခု)
၅။ မြေမွန်ရတနာ ရှိခိုးဝတ်ရွတ်စဉ်
(၁၃၅၆. ခု၊ ပထမကြိမ်)
၆။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဂုဏာပူဇာ
မှတ်တမ်းလွှာ (၁၃၅၈. ခု၊ မြေမွန်ရွာ ပူဇော်ပွဲ)

## နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား

၇။ အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာ စာပဒေသာ မှတ်တမ်းလွှာ (၁၃၆၃. ခု၊ မြေမွန်ရွာ ပူဇော်ပွဲ)

၈။ မြတ်ဘုရားရှင် နှစ်ကျိပ်ကိုးဆူဝင် (၁၃၆၅. ခု၊ ပထမကြိမ်)

၉။ သဒ္ဓမ္မဝါစီ ဆုပေး,အမှန်း,ရေစက်ချပေါင်းချုပ် (၁၃၆၅. ခု၊ ပထမကြိမ်)

၁၀။ ဓမ္မာစရိယမေဒိနီကျမ်း (၁၃၆၆. ခု၊ ပထမကြိမ်)

၁၁။ သဒ္ဓမ္မဒေသနာ မေဒိနီတရားပေါင်းချုပ် (ပထမတွဲ) (၁၃၆၆. ခု၊ ပထမကြိမ်)

၁၂။ မြန်မာရှေးရိုးရာ ပုဂံကြွေစာ ဗေဒင်ကျမ်း (၁၃၆၇. ခု၊ ပထမကြိမ်)

၁၃။ သဒ္ဓမ္မကာရီ ပါဠိမိုလာ ဂါထာညွှန့်ပေါင်း (ပထမတွဲ) (၁၃၆၇. ခု၊ ပထမကြိမ်)

၁၄။ သဒ္ဓမ္မကာရီ ပါဠိမိုလာ ဂါထာညွှန့်ပေါင်း (ဒုတိယတွဲ) (၁၃၆၈. ခု၊ ပထမကြိမ်)

၁၅။ ရတနာမွန် အဘိဓမ္မာ ဝတ်ရွတ်စဉ် (၁၃၆၉. ခု၊ ပထမကြိမ်)

၁၆။ သဒ္ဓမ္မဝါစီ ဆုပေး,အမွှမ်း,ရေစက်ချပေါင်းချုပ်
(၁၃၆၉. ခု၊ ဒုတိယကြိမ်)
၁၇။ မြတ်ရတနာမွန် ကံဆောင်ကမ္မဝါစာ (ဆိုက်ကြီး)
(၁၃၇၀. ခု၊ ပထမကြိမ်)
၁၈။ ရတနာမွန် လက်စွဲဝတ်ရွတ်စဉ်
(၁၃၇၀. ခု၊ ပထမကြိမ်)
၁၉။ မြတ်ရတနာမွန် ကံဆောင်ကမ္မဝါစာ
(ဆိုလတ်,ဆိုက်သေး) (၁၃၇၁. ခု၊ ပထမကြိမ်)
၂၀။ ရတနာမွန် ဓမ္မလက်ဆောင်မွန်
(၁၃၇၂. ခု၊ ပထမကြိမ်)
၂၁။ သဒ္ဓမ္မဝါစီ ဆုပေး,အမွှမ်း,ရေစက်ချပေါင်းချုပ်
(၁၃၇၂. ခု၊ တတိယကြိမ်)
၂၂။ ဓမ္မာစရိယမေဒိနီကျမ်း
(၁၃၇၃. ခု၊ ဒုတိယကြိမ်)
၂၃။ ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ ထေရုပ္ပတ္တိကထာ
(တညင်းကုန်း ရန်ကုန်၊ ၁၃၇၃. ခု)
၂၄။ မင်္ဂလတ္ထဒီပနီ (ခ) မင်္ဂလဠကထာ

## နှစ်ကိုယ်ရှစ်ဆူ မြတ်စွာဘုရား

(သျှာမကွာရတော မရမ္မကွာရေန ပရိဝတ္တန်)
(၁၃၇၄. ခု၊ ပထမကြိမ်)

၂၅။ နှစ်ကျိုပ်ရှစ်ဆူ မြတ်ဘုရားသမိုင်း
(၁၃၇၄ခု/ ပထမကြိမ်)

၂၆။ အရိမေတ္တေယျ မြတ်ဘုရားသမိုင်း
(၁၃၇၄ခု/ ပထမကြိမ်)

ဆက်လက်ထွက်မည့် ကျမ်းစာများ

၁။ ပါဠိပါရဂူ မေဒိနီ။

၂။ သဒ္ဒမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်။
(ဒုတိယတွဲ)

၃။ အောင်စည်မွန်ဝေငြိမ်းချမ်းသာယာ
စေတီတော်သမိုင်း။

(က)

## ပါဠိဂါထာ

အတ္တ သုခါယ ဝါယာမော၊
နေသော မမ ကာဒါစိပိ၊
သမ္ဗုဒ္ဓ သာသနသောဝ၊
ဌပနာယ အယံ မမ၊
စေတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(က)

## မြန်မာကဗျာ

တစ်ယောက်ငါ - ချမ်းသာဖို့တွက်တာ၊
ခုလောက်ပဲ - အားခဲမလုပ်ပါ။
မြတ်ဘုရား - တည်ထားသာသနာ၊
ရှည်ကြာမြင့် - ထွန်းတင့်တည်ဖို့သာ၊
မှန်ကန်လှ - ဆိုရဉ်သစ္စာ၊
ဆောင်မှုတွေ - အောင်စေလျှင်မကြာ၊

# စိတ်ထားမြဲမြံ - အဓိဋ္ဌာန်ချက်

(ခ)

## ပါဠိဂါထာ

အတ္တ သုခါယ ဝါယာမော၊
နေသော မမ ကာဒါစိပိ၊
သကာလာနံ ဟိတ္တာယ၊
ဝဍ္ဎနာယ အယံ မမ၊
စေတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(ခ)

## မြန်မာကဗျာ

တစ်ယောက်ငါ - ချမ်းသာဖို့တွက်တာ၊
ခုလောက်ပဲ - အားခဲမလုပ်ပါ။
ငါ့လူမျိုး - ဖွံ့ဖြိုးကြီးပွားကာ၊
တိုးတက်ရန် - မြဲမြံဆောက်ရွက်လာ၊
မှန်ကန်လှ - ဆိုရဉ်သစ္စာ၊
ဆောင်မှုတွေ - အောင်စေလျှင်မကြာ၊

မှတ်ချက်-မဟာဝံသပါဠိ-ပ၊၁၄၄-လာ ဒုဋ္ဌဂါမဏိမင်းကြီး၏
အောင်စစ်ချီ အဓိဋ္ဌာန်ဂါထာနှင့်လျော်ညီစွာတည်း။


**စာအုပ်ရရှိနိုင်သောဌာန**

စိန်ပန်းပြာစာပေနှင့် သက်န်းပရိက္ခရာဆိုင်
အမှတ်(၄) ဗဟန်းဈေး၊မျက်နှာစာတန်း၊
ရွှေတိဂုံစေတီတော်၊ အရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၅၀ ၁၀၅၀၆၊ ၀၉ ၄၃၀၁၁၅၄၉